A visit by Cambodian Prime Minister Hun Sen to Myanmar last month, during which he sought to re-engage the military authorities, including Senior General Min Aung Hlaing, had stirred some concerns among Asean members.

Mr Prak Sokhonn defended that approach and said Cambodia would keep engaging the military government to "keep trust and confidence alive for the time being", according to Reuters.

"The reason why the Prime Minister has taken the approach is because the work of the special envoy was stuck last year," he was quoted as saying.

Despite recent frictions over the visit, Dr Balakrishnan said Asean has maintained a unified position over Myanmar.

"So far, we have been able to maintain unity where it counts, we have been able to act collectively," he said, noting that this was especially significant in the area of humanitarian assistance to the country.

Dr Balakrishnan however acknowledged that there were variations in the way Asean members viewed the situation, especially those in close proximity to Myanmar.

"For countries who actually share a border, who are concerned about refugee flows, violence across borders - they have legitimate concerns to a far higher degree than countries like us," he said.

Echoing a point made by Mr Prak Sokhonn, Dr Balakrishnan said the situation in Myanmar would not "hijack" Asean's "big picture" agenda, with the focus on important strategic projects and relationships in and around the region.

Against the backdrop of the intensifying competition between major powers China and the United States, Dr Balakrishnan also said that Asean must continue to maintain its centrality, unity and relevance in approaching "the most consequential, dynamic relationship that will impact the world".

The foreign ministers, during the two-day meeting - the first convened by Cambodia as Asean chair this year - also discussed Covid-19 recovery efforts, community-building activities and regional economic integration within the bloc.

"I believe, looking across Asean, we are all hoping that this year will be the year of post-pandemic recovery," said Dr Balakrishnan.

https://elevenmyanmar.com/news/myanmar-ruling-military-must-show-good-faith-and-sincerity-for-national-reconciliation-vivian

-----------------------------------------------------------------------------------------------

## New ASEAN Envoy to Myanmar Says He Wants to Meet Junta Opponents

By AFP | 18 February 2022

A regional special envoy to Myanmar on Thursday urged the country's military junta to allow him to meet a shadow government it has branded a "terrorist" organization in order to break a deadlock between the military and opponents of the coup.

The Association of Southeast Asian Nations (ASEAN) has led diplomatic efforts to end the chaos unleashed by last year's putsch in Myanmar, which triggered mass protests and a deadly crackdown on dissent.

Cambodian Foreign Minister Prak Sokhonn, ASEAN's new special envoy to the country, told a meeting of the bloc's foreign ministers he planned to visit in March and meet with top junta officials.

He added a request to be allowed to meet with members of the National Unity Government (NUG), which is dominated by lawmakers from Daw Aung San Suu Kyi's ousted National League for Democracy (NLD), and which is working to overthrow the junta.

"If Naypyitaw is not speaking with the NUG… let the special envoy be the bridge," he said, referring to Myanmar's capital.

The junta has declared the NUG to be "terrorists" and has jailed several high-ranking members of Daw Aung San Suu Kyi's party.

Most NUG members are in exile or in hiding and Prak Sokhonn gave no details on where or when any future meeting might take place, or whether he had discussed his plans with the junta.

The junta did not respond to a request for comment.

Myanmar's top diplomat was barred from Thursday's meeting in Phnom Penh over a lack of progress in defusing the violence, although Prak Sokhonn said junta representatives had been allowed to listen in on discussions.

The foreign minister's appeal to Naypyitaw follows a Jan. 7-8 trip to Myanmar by Cambodian Prime Minister Hun Sen that was widely criticized as lending legitimacy to the regime, in part because he met only with the junta leadership and failed to meet with representatives of the NUG or NLD. Cambodia is the current holder of the ASEAN chair, which rotates annually between bloc members.

In public remarks on Wednesday, Hun Sen appeared pessimistic on his chances of persuading the junta to implement ASEAN's Five-Point Consensus on resolving the crisis in Myanmar, and seemed to have given up—less than two months into his chairmanship—on making any progress.

RFA quoted him as saying that there are "only 10 more months and 14 days left and my duty [as ASEAN chair] will be finished," and suggesting that "the next chair of ASEAN take care of the issue."

More than 1,500 people have been killed and over 12,000 arrested in a military crackdown since the coup, according to a local monitoring group.

https://www.irrawaddy.com/news/burma/new-asean-envoy-to-myanmar-says-he-wants-to-meet-junta-opponents.html

---------------------------------------------------------------------------------------------------------

**National Unity Government issues statement as ASEAN meets to discuss Myanmar crisis**

By Mizzima | 18 February 2022



Myanmar's National Unity Government has issued a statement as the ASEAN foreign ministers sat down for talks in Phnom Penh to discuss the Myanmar crisis.

In a video address, released on 17 February, Zin Mar Aung, Union Minister, Ministry of Foreign Affairs-NUG, made the following statement to the ASEAN Foreign Ministers Retreat:

The National Unity Government welcomes constructive ways to a path of peace and federal democracy. We recognize the extreme challenges that ASEAN is facing in navigating the situation in Myanmar. But we also appreciate its unprecedented demonstrations of the

political majority by ensuring the primacy of the Five-Point Consensus as a framework for engaging in Myanmar.

Cambodia had set out significant core themes this year ASEAN addressing challenges together which underscores ASEAN's togetherness as one community and a common world in our collective endeavour to address and overcome challenges facing our region.

In this spirit, I would like to address my fellow ASEAN foreign ministers on this moment and occasion. It has been a year since the military junta robbed us of our rights and our path to democratic transition, dragged the country into instability and inflicted a humanitarian catastrophe. While the rest of the world is dealing with the lethal impact of the COVID-19 pandemic, the junta indulged itself in unspeakable crimes against the people. Millions of people are fleeing to avoid the junta brutality, communities are being torched to ashes and indiscriminately bombed. Thousands have been arbitrarily arrested, tortured and murdered. The peoples' fundamental rights are continuously being violated and freedom of expression repressed. The instability induced by the junta has led to an unprecedented economic crisis. Our neighbours have been bearing the coup, cross-border humanitarian and economic impact.

All these have been openly broadcast to the whole world. Min Aung Hlaing and the State Administration Council (has provided) nothing for the past 12 months. He has repeatedly played ASEAN and undermined its credibility as a regional bloc. He agreed to the Five-Point Consensus but continued to block its implementation. He signed in to the joint statement with Prime Minister Hun Sen in January, yet continued indiscriminate bombing, prior, during the visit, and until now.

The National Unity Government has consistently reiterated its commitment to engage and cooperate with the ASEAN in finding solutions. While the coup has brought insurmountable suffering to our people, the last 12 months have provided us the opportunity to reach a positive turning point in our history. People across ethnic and religious backgrounds have united in changing the military lies and corrupted military system that held us back from becoming a democratic, developed peaceful and productive country in the region.

In essence, we have already begun our transition to a people-centred federal democracy. The CRPH was formed as the legislative pilot of the Union. Its legitimacy is drawn from the fact that its members are parliamentarians, duly elected by the people during the 2020 national election. The process between democracy and ethnic movements began after the coup laid down qualitative strategies on the way forward. This platform developed into a robust dialogue space called the National Unity Consultative Council NUCC which serves us as a multi-stakeholder platform to discuss policy towards establishing federal democracy.

The National Unity Government was formed as the executive body with a fully-functioning cabinet despite the limitations and risks posed by the junta. We at the NUG have continued our work, establishing policy in coordination with the NUCC and CRPH and responding to the people's needs, despite the limitations.

It is important to note that the NUG has been established by the Committee Representing Pyidaungsu Hluttaw CRPH with its legal mandate to form a government endorsed by the NUCC. The NUCC convened the first people's assembly on January 27 to 29 which signals progress towards establishing institutions necessary for our transition to federal democracy.

We have been laying down the foundation to achieve what the people of Myanmar have long yearned for, which is a federal democracy that recognizes equal rights and the right to self-determination of all member states through power-sharing, revenue-sharing and fiscal federalism.

The abolishing of the 2008 Constitution and new constitution process is fundamental to achieving these goals. The federal democracy charter that the NUCC has rigorously drafted and the people assembly has adopted outlined a clear roadmap towards federal democracy. And the test is accountability and non-negotiability that we must pursue.

The NUG has committed to actively seek justice and accountability for all crimes committed by the military against the Rohingya and all other people of Myanmar throughout our history. This will include repealing, amending and promulgating laws including the 1982 Citizenship Law as an integral part of the new constitution process.

We have lodged a declaration with the International Criminal Court ICC, accepting the court's jurisdiction with respect to all international crimes in Myanmar since 2002. The military (unclear) role in the structure of Myanmar has been one of the fundamental sources of instability including human rights violations in the history for decades. We need to change this to realize our goal to federal democracy is free from threats within.

As such, one of the guiding principles of the federal democracy charter states that federal union, security and defence forces shall be under the supervision and administration of a democratically-elected civilian government.

The roadmap mentioned above is a national solution by the people of Myanmar. The NUG and all democratic forces in the country are determined to realize them.

Your excellencies, as you get together to discuss the challenges together in the ASEAN, especially in Myanmar, I would like to ask you to listen to the people's will deeply and appreciate the track we are pursuing. The NUG wishes to support the establishment of (unclear) to support the ASEAN chair on its engagement with Myanmar stakeholders. We call on the ASEAN chair to bring a more coordinated approach so that the ASEAN and the international community, including the United Nations, can act effectively for the people of Myanmar.

One, saving lives through humanitarian assistance is most urgent. ASEAN cannot rely only on the approval of Min Aung Hlaing to assist internally displaced people. We would like to urge ASEAN to proceed with cross-border humanitarian assistance in partnership with border countries such as Thailand, India and China, working through a wide network of civil society and ethnic organizations who are protecting the most vulnerable.

And second, the ASEAN must focus on facilitating an inclusive national process road map towards constitutional change which reflects the aspirations of the people of Myanmar towards federal democracy.

And thirdly, immediate cessation of violence can only become a reality if the Myanmar coup leaders implement the following actions: the Military Council must not carry out air strikes against civilian targets, and the Military Council must commit to an unconditional cessation of military attacks on PDF and EAO controlled areas, and the Military Council must allow an independent investigation into alleged war crimes involving massacres, crimes, and the burning of civilian properties.

ASEAN's Cambodia experience should remind us of the Paris Peace Accords and United Nations transitional authority in Cambodia. ASEAN, along with the United Nations and the international community as a whole must no longer ignore the geographic breadth and social depth of the nation-wide anti-junta movement. We implore the international community as a whole to stand with the people of Myanmar and support them both in bringing this crisis to an end and in their desire for a genuine federal democratic union.

Your excellencies, thank you so much for your time and in getting that opportunity to share my opinion and to share the voice of the people of Myanmar.

Thank you so much.

https://www.mizzima.com/article/national-unity-government-issues-statement-asean-meets-discuss-myanmar-crisis

---------------------------------------------------------------------------------------------

## ၈ လခွဲအတွင်း စစ်ကောင်စီတပ်ဘက်က ၈၆၀၀ ကျော်သေဆုံးဟု NUG ထုတ်ပြန်

Published By DVB | 18 February, 2022




ပြည်သူ့ခုခံတော်လှန်စစ် အချိန် ၈ လခွဲကာလအအတွင်း စစ်ကောင်စီတပ်ဘက်က သေဆုံးသူ ၈၆၀၄ ယောက်ရှိခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူ ၃၀၃၃ ယောက်ထိ ရှိခဲ့တယ်လို့ အမျိုး သားညီညွတ်ရေးအစိုးရ (NUG) ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ပါတယ်။

ဒါဟာ ပြီးခဲ့တဲ့ ၂၀၂၁ခုနှစ်၊ ဇွန် ၁ ရက်ကနေ ၂၀၂၂ခုနှစ်၊ ဖေဖော်ဝါရီ ၁၄ ရက်အထိ ရရှိတဲ့ အချက်အလက်တွေကို အခြေခံကာ NUG ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်လိုက်တာဖြစ်ပြီး မြေပြင်မှာတော့ ဖော်ပြထားတဲ့ ကိန်းဂဏန်းတွေထက် ပိုမိုဖြစ်ပွားနိုင်တယ်လို့ ဆိုပါတယ်။

အရပ်သားထိခိုက်သေဆုံးမှုအနေနဲ့ကတော့ လတ်တလောအချိန်ထိ သေဆုံးသူ ၁၇၂၅ ယောက်၊ ထိခိုက်ဒဏ်ရာရသူ ၁၀၀၆ ယောက်နဲ့ ဖမ်းဆီးထိန်းသိမ်းခံရသူ ၄၉၉၉ ယောက်ထိ ရှိနေတယ်လို့ ဖော်ပြထားပါတယ်။

လက်ရှိကာလမှာတော့ အာဏာသိမ်းစစ်အုပ်စုရဲ့ ပြည်သူလူထုအပေါ် အကြမ်းဖက်ဖိနှိပ် ဖမ်းဆီး တိုက်ခိုက်သတ်ဖြတ်နေမှုတွေကို ပြည်သူလူထုတရပ်လုံးက အသက်ရှင်သန်ရေး အတွက် ခုခံကာကွယ်ပိုင်ခွင့်အရ၊ ပြည်သူ့ခုခံစစ် (Peoples Defensive War) ကို ဆင်နွှဲ နေကြတာပါ။

နိုင်ငံတဝန်းမှာတော့ မြန်မာပြည်သူတွေဟာ စစ်အာဏာရှင်စနစ် မြန်မာ့မြေပေါ်မှ အပြီး တိုင်ချုပ်ငြိမ်းရေးနဲ့ ဖက်ဒရယ်ဒီမိုကရေစီတည်ဆောက်ရေးအတွက် ငြိမ်းချမ်းစွာဆန္ဒပြတဲ့ လူထုသပိတ်တိုက်ပွဲတွေ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေ အနှံ့အပြား ဖြစ်ပွားနေပါတယ်။

http://burmese.dvb.no/archives/517674

--------------------------------------------------------------------------------------------

## နစ်ရက်ကြာတိုက်ပွဲ စစ်တပ်က ၁၀ ဦး သေဆုံးကြောင်း တမူး PDF ထုတ်ပြန်

2022.02.18



တမူး PDF တပ်ဖွဲ့ဝင်တွေကို တွေ့ရစဉ် Photo: Tamu PDF

စစ်ကိုင်းတိုင်း၊ တမူးမြို့မှာ ဖေဖော်ဝါရီ ၁၆ ရက်နဲ့ ၁၇ ရက် တိုက်ပွဲတွေအတွင်း စစ်ကောင်စီ တပ်ဘက်က တပ်ကြပ်ကြီး အပါအဝင် ၁၀ ဦး သေဆုံးပြီး သုံးဦး ဒဏ်ရာရရှိခဲ့တယ်လို့ တမူးပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ တပ်ရင်း (၄) က ဖေဖော်ဝါရီ ၁၇ ရက် မနေ့က ထုတ် ပြန်ပါတယ်။

တမူး-ကလေး လမ်းမကြီး ၃ မိုင်အကျော်မှာရှိတဲ့ အစိုးရနည်းပညာအထက်တန်းကျောင်း (GTHS) မှာ တပ်စွဲနေတဲ့ စစ်ကောင်စီတပ်သားတွေကို တမူးပြည်သူ့ကာကွယ်ရေးတပ်ရင်း (၄) က အလစ်ဝင်ရောက်တိုက်ခိုက်ခဲ့တာလို့ ဆိုပါတယ်။

ဒီတိုက်ခိုက်မှုကို ဒေသကာကွယ်ရေးအဖွဲ့ ငါးဖွဲ့ ပူးပေါင်းတိုက်ခိုက်ခဲ့တာဖြစ်ပြီး တပ်ဖွဲ့ဝင် အနည်းငယ် ထိခိုက်ဒဏ်ရာရခဲ့တယ်လို့လည်း ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

ဒီထုတ်ပြန်ချက်နဲ့ ပတ်သက်လို့ RFA အနေနဲ့ သီးခြားအတည်ပြုနိုင်ခြင်း မရှိသေးသလို စစ်ကောင်စီဘက်ကလည်း ထုတ်ပြန်တာ မတွေ့ရသေးပါဘူး။

ဒီတိုက်ခိုက်မှုတွေကြောင့် တမူးမြို့ပေါ်ရပ်ကွက်တွေနဲ့ ကလေး-တမူး လမ်းမကြီးပေါ်မှာရှိတဲ့ ကားနဲ့ ဆိုင်ကယ်တွေကို စစ်ကောင်စီတပ်က တင်းကျပ်စစ်ဆေးနေတယ်လို့လည်း ဒေသခံ တွေက ပြောပါတယ်။

ပြီးခဲ့တဲ့ ဇန်နဝါရီလ ၁၇ ရက်နေ့ကလည်း ကလေး-တမူး လမ်းမပေါ်က စစ်ကောင်စီ ယာဉ်တန်းတစ်ခုကို တမူးပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်တွေက ရန်လင်းဖိုင်နဲ့ ဝိတုတ် ကျေးရွာတွေအနီးမှာ မိုင်းဆွဲတိုက်ခိုက်ခဲ့တာကြောင့် ရဲအရာရှိတစ်ဦးနဲ့ ရဲတပ်သား သုံးဦး သေဆုံးခဲ့တယ်လို့ တမူးပြည်သူကာကွယ်ရေးတပ်ဖွဲ့ဝင်တွေက ပြောပါတယ်။

စစ်အာဏာသိမ်းပြီးနောက်ပိုင်း တမူးမြို့နယ်မှာ စစ်ကောင်စီတပ်နဲ့ ဒေသကာကွယ်ရေး တပ်ဖွဲ့ဝင်ကြား မနေ့ကအထိ တိုက်ပွဲ ၁၅ ကြိမ်ခန့် ဖြစ်ပွားခဲ့တယ်လို့ ဒေသခံတွေက ပြောပါတယ်။

https://www.rfa.org/burmese/news/tamu-pdf-killed-ten-myanmar-soldiers-02182022073227.html

--------------------------------------------------------------------------------------------

# ပုလဲမြို့နယ် ချောင်းဦးရွာမှာ အိမ် ၃၀၀ ကျော် မီးရှို့ခံရ

2022.02.18



စစ်ကိုင်းတိုင်း၊ ပုလဲမြို့နယ် ချောင်းဦးရွာ မီးလောင်နေတာကို ၂၀၂၂ ဖေဖော်ဝါရီ ၁၈ ရက်နေ့က တွေ့ရစဉ် Photo: CJ

စစ်ကိုင်းတိုင်း၊ ပုလဲမြို့နယ် ချောင်းဦးရွာကို ဖေဖော်ဝါရီလ ၁၈ ရက် ဒီနေ့မနက်ပိုင်းက စစ်ကောင်စီတပ်သားတွေနဲ့ ပျူစောထီးအဖွဲ့ဝင် ၂၀ ကျော် ဝင်ရောက်လာပြီးနောက် နေအိမ် ၃၀၀ ကျော် မီးရှို့ခံခဲ့ရတယ်လို့ ဒေသခံတွေက ပြောပါတယ်။

အိမ်ခြေ ၃၅၀ ကျော်ရှိတဲ့ ချောင်းဦးရွာမှာ အိမ်ခြေ ၃၀၀ ကျော် မီးလောင်ဆုံးရှုံးခဲ့ရတယ်လို့ လုံခြုံရေးအရ အမည်မဖော်လိုတဲ့ ချောင်းဦးရွာခံတစ်ဦးက ပြောပါတယ်။

**"အရင်ရက်က တိုက်ခံရတဲ့ ဇီးဖြူကုန်းရွာဖြစ်စဉ်မှာ ကာကွယ်ရေးအဖွဲ့တွေက ရွာဘက် ကနေ တက်သွားတော့ အဲဒါကို ပြဿနာရှာတာနေမှာ။ ဒီမနက်တော့ ပျူစောထီးတွေနဲ့ စစ်သားတွေက ရွာရဲ့အနောက်မြောက်ကနေ ပတ်လာပြီးရှို့တာ။ လေကလည်း မြောက် လေတိုက်နေတော့ အားပေးသလိုဖြစ်တာပေါ့။ အခုကတော့ မီးညွန့်တော့ကျိုးသွားပြီ။ နေကလည်းပူပြီး မီးအရှိန်နဲ့ဆိုတော့ ရွာထဲဝင်မရသေးဘူး။ ကျွန်တော်တို့ရွာတွေ မီး လောင်သလို တခြားရွာတွေမဖြစ်အောင်လို့ စစ်ကောင်စီကို ဆက်ပြီးတွန်းလှန်သွားမှာပါ"**

ချောင်းဦးကျေးရွာ ဒေသခံတွေဟာ ရွာနဲ့ တစ်မိုင်ခန့်သာဝေးတဲ့ ဇီးဖြူကုန်းရွာမှာ စစ်ကောင် စီကတပ်စွဲပြီး ပျူစောထီးအဖွဲ့ဝင်တွေကို စစ်သင်တန်းပေးချိန်ကပင် တောတွေထဲမှာ ပြောင်းရွှေ့နေထိုင်နေကြတာ တစ်လခန့်ရှိနေပြီလို့ ဆိုပါတယ်။

အဲဒီ ဇီးဖြူကုန်းရွာမှာ စစ်တက်က သင်တန်းပေးနေတာနဲ့ ပတ်သက်လို့ ပြီးခဲ့တဲ့ ဖေဖော်ဝါ ရီလ ၁၄ ရက်နေ့က ဒေသခံကာကွယ်ရေးပူးပေါင်းတပ်ဖွဲ့တွေက သွားရောက်တိုက်ခိုက် ခဲ့ပါတယ်။

စစ်ကောင်စီပြောခွင့်ရသူ ပြန်ကြားရေး ဒုဝန်ကြီး ဗိုလ်ချုပ် ဇော်မင်းထွန်း ကတော့ ကာကွယ်စောင့်ရှောက်ရမယ့်သူတွေကို အခုလို မီးရှို့တာတွေ မလုပ်ဘူးလို့ တုံ့ပြန်ပါတယ်။

**"စစ်ကိုင်းမှာ PDF တွေက စည်းရုံးပြီး အကြမ်းဖက်လုပ်တာတွေရှိတော့ နယ်မြေ မတည်ငြိမ်တဲ့အတွက် ပြည်သူ့စစ်ဖွဲ့ပြီး NUG၊ PDF တွေကို ပြန်လည်ကာကွယ်နေတာ တွေရှိတယ်။ အဲဒီရွာတွေကို PDF တွေက ဝိုင်းတိုက်ပြီး မီးရှို့တယ်။ မြန်မာ့တပ်မတော် အနေနဲ့ ရွာတွေ မီးလောင်သွားရင် နေရပ်စွန့်ခွာသူတွေကို ကာကွယ်စောင့်ရှောက်ပေးရ မှာဖြစ်တယ်။ ကာကွယ်ပေးရမယ့်သူတွေကို လုပ်စရာအကြောင်းမရှိဘူး"**

ပုလဲမြို့နယ်ဟာ အင်တာနက်ဖြတ်တောက်ခံထားရတာ အချိန် ၆ လခန့်ကြာမြင့်နေပြီဖြစ် ပါတယ်။

ပုလဲမြို့နယ်မှာရှိတဲ့ အင်မထီး၊ ပန်းရွာ၊ လျော်ကား၊ ဇီးဖြူကုန်းရွာတွေမှာလည်း အခုလ အတွင်း မီးရှို့ခံရမှုတွေ ရှိခဲ့တဲ့အတွက် နေအိမ် ၁၀၀၀ ကျော် မီးလောင်ပျက်စီးခဲ့တယ်လို့ ဒေသခံတွေက ပြောပါတယ်။

နိုင်ငံတစ်ဝန်းမှာ စစ်တပ်ကအာဏာသိမ်းပြီးနောက် ပြီးခဲ့တဲ့ ဖေဖော်ဝါရီလ ၁၄ ရက် နေ့အထိ နေအိမ်အလုံးပေါင်း ၄၅၇၁ လုံး မီးရှို့ဖျက်ဆီးခံခဲ့ရတယ်လို့ နိုင်ငံရေး၊ စစ်ရေးနဲ့ နောက်ဆက်တွဲအကျိုးဆက်တွေကို သုတေသနပြုနေတဲ့ Data for Myanmar အဖွဲ့က ထုတ်ပြန်ထားပါတယ်။

https://www.rfa.org/burmese/news/more-than-300-houses-were-set-on-fire-in-chaungoo-02182022044214.html

---------------------------------------------------------------------------------------------

## မုံရွာ-ပုသိမ်လမ်းပေါ်တွင် စစ်ကောင်စီတပ်ဖွဲ့ဝင်များစီးလာသည့် မှန်လုံကား မိုင်းဆွဲတိုက်ခိုက်ခံရ

Published By DVB | 18 February, 2022



စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့နယ်၊ ရေကာချောင်းမြောက်ဘက် မုံရွာ-ပုသိမ်လမ်းမကြီးပေါ်မှာ စစ်ကောင်စီတပ်သားတွေ လိုက်ပါလာတဲ့ မှန်လုံကားတစီး မိုင်းဆွဲတိုက်ခံခဲ့ရတယ်လို့ သိရပါတယ်။

ဆားလင်းကြီးမြို့ကနေထွက်လာတဲ့ စစ်ကောင်စီတပ်သားတွေတင်ဆောင်လာတဲ့ Express မှန်လုံကားကို ပဒေသာမိုင်း ၃၅ လုံးနဲ့ တိုက်ခိုက်ခဲ့တာဖြစ်ပြီး ၃၀ ထက်မနည်း သေဆုံးကာ အများအပြား ဒဏ်ရာရခဲ့တယ်လို့ မုံရွာဗန္ဓုလအဖွဲ့က ထုတ်ပြန်ထားပါတယ်။

“စစ်ကောင်စီတပ်သားတွေတင်လာတဲ့ Express ကားတစ်စီး ဆားလင်းကြီးမြို့ကနေ မြောက်ဘက်ကို ပုသိမ်-မုံရွာလမ်းအတိုင်းထွက်လာတာ။ ကျနော်တို့ ပွိုင့်တွေနားအရောက်မှာ ပဒသောမိုင်းဆွဲ တိုက်ခိုက်လိုက်တာ Express ကားကိုထိတယ်။ အဲ့ဒီကားပေါ်ကနေ ၆ ယောက်လောက်ပဲ အောက်ကိုဆင်းလာနိုင်တယ်၊ ကားကလည်း မှန်တွေကွဲပြီး စုတ်ပြတ်သွားတယ်။ နောက်တော့ Expressကားကို ဆားလင်းကြီးကနေ ကားအသေးလေးနဲ့လာပြီး ဆားလင်းကြီး စခန်းကို ပြန်ဆွဲသွားတာမြင်တယ်" လို့ မုံရွာဗန္ဓုလအဖွဲ့ဝင်တဦးက ဒီဗွီဘီကိုပြောပါတယ်။

Express ကားကို မုံရွာ ဗန္ဓုလအဖွဲ့သားများ LDF၊ Monywa Lightning PDF၊ Monywa Peregrine PDF နဲ့ One Star Test Force တို့ ပူးပေါင်းပြီး  မိုင်းဆွဲတိုက်ခိုက်ခဲ့တာလို့ ဆိုပါတယ်။

မှန်လုံကား မိုင်းဆွဲတိုက်ခိုက်ခံရတာနဲ့ ပတ်သက်ပြီး စစ်ကောင်စီဘက်ကတော့ သတင်းထုတ်ပြန်တာ မတွေ့ရသေးပါဘူး။

http://burmese.dvb.no/archives/517734

---------------------------------------------------------------------------------------------------

## နတ်တလင်းမြို့နယ်တွင် စစ်ကောင်စီတပ်သားများ မိုင်းဆွဲတိုက်ခိုက်ခံရပြီး ၅ ဦးသေဆုံး

Published By DVB | 18 February, 2022

ပဲခူးတိုင်း၊ နတ်တလင်းမြို့နယ်မှာ ဖေဖော်ဝါရီ ၁၇ ရက် ညနေပိုင်းက စစ်ကောင်စီတပ်သားတွေ မိုင်းဆွဲတိုက်ခိုက်ခံရပြီး ၅ ယောက်သေဆုံးခဲ့တယ်လို့ နတ်တလင်း PDF တပ်ဖွဲ့တစ်ခုဖြစ်တဲ့ Phoenix DF တပ်ဖွဲ့ကနေ သိရပါတယ်။

နတ်တလင်းမြို့နယ် ရေကြည်ရွာကနေ သရက်မြောင်ရွာကိုသွားတဲ့ စစ်ကောင်စီစစ်ကြောင်းကို ဒီကနေ့ ဖေဖော်ဝါရီလ ၁၇ ရက် ညနေ ၄ နာရီခွဲလောက်မှာ နတ်တလင်း PDF က မိုင်းဆွဲတိုက်ခိုက်ခဲ့လို့ စစ်ကောင်စီတပ်သာ ၅ ယောက်သေဆုံးခဲ့တယ်လို့ နတ်တလင်းPDF ရဲ့ ပြန်ကြားရေးတာဝန်ခံကပြောပါတယ်။

နှစ်ဖက်တိုက်ပွဲအတွင်းမှာ စစ်ကောင်စီဘက်က ပြန်လည်ပစ်ခတ်ပေမဲ့ PDF ရဲဘော်တွေ အထိခိုက်အကျဆုံးမရှိဘဲ ဆုတ်ခွာနိုင်ခဲ့တယ်လို့ ဆိုပါတယ်။

တိုက်ပွဲ ဖြစ်ပွားတဲ့နေရာမှာ စစ်ကောင်စီတပ်သား အလောင်း ၃ လောင်းကို ဆွဲယူသွားကြပြီး အလောင်း ၂ လောင်း ကျန်နေခဲ့တယ်လို့ သိရပါတယ်။

ရေကြည်ရွာမှာ တပ်စွဲထားတဲ့ စစ်ကောင်စီတပ်သားတွေကို ဇန်နဝါရီလ ၂၂ ရက်ကလည်း နတ်တလင်းPDF က ရှော့တိုက်ပြောင်းနဲ့ တိုက်ခိုက်လို့ စစ်ကောင်စီဘက်က ထိခိုက်သေဆုံးသူ ရှိနိုင်တယ်လို့ သိရပါတယ်။

နှစ်ဖက်တိုက်ပွဲတွေနဲ့ ပတ်သက်လို့တော့ ထိခိုက်သေဆုံးတဲ့ အခြေနေကိုတော့ စစ်ကောင်စီဘက်က သတင်းထုတ်ပြန်ထားတာမတွေ့ရသေးပါဘူး။

http://burmese.dvb.no/archives/517650

-----------------------------------------------------------------------------------------------------

## တိုက်ပွဲပြင်းထန်ခဲ့သည့် မိုးဗြဲနှင့် ခင်ဦးတွင် PDF ၃၀ ဝန်းကျင် ကျဆုံး

By ဧရာဝတီ | 18 February 2022

ရှမ်းပြည်နယ်တောင်ပိုင်း၊ ဖယ်ခုံမြို့နယ်၊ မိုးဗြဲမြို့နှင့် စစ်ကိုင်းတိုင်း၊ ခင်ဦးမြို့နယ်တို့တွင် ပြင်းထန်စွာ ဖြစ်ပွားခဲ့သည့် ယမန်နေ့က တိုက်ပွဲအတွင်း ဒေသခံကာကွယ်ရေး တပ်ဖွဲ့ဝင် (PDF) များ အကျအဆုံး များခဲ့ပြီး ၁ ရက်တည်း ၃၀ ဦးကျော် သေဆုံးခဲ့ကြောင်း ဒေသကာကွယ်ရေးတပ်ဖွဲ့များထံမှ သိရသည်။

### PDF ၂၀ ခန့် ကျဆုံးသည့် ဖယ်ခုံမြို့နယ်၊ မိုးဗြဲတိုက်ပွဲ

ရှမ်းပြည်တောင်ပိုင်း၊ ဖယ်ခုံမြို့နယ်၊ မိုးဗြဲ ဝါရီဆူးပလိုင် ရွာအနီးတွင် ထိုးစစ်ဆင်လာသော စစ်ကောင်စီတပ်နှင့် ကရင်နီ ပူးပေါင်းတပ်များကြား ယမန်နေ့က တိုက်ပွဲပြင်းထန်ခဲ့ပြီး ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့ဝင် ၂၀ ဝန်းကျင် ကျဆုံးမှု ရှိခဲ့ ကြောင်း PDF များထံမှ သိရသည်။

ယင်းတိုက်ပွဲတွင် စစ်ကောင်စီတပ်က တိုက်လေယာဉ် ၂ စီးဖြင့် ဗုံးကြဲခဲ့သည့်အပြင် တင့်ကား ၃ စီးဖြင့် တိုက်ခိုက်ပြီး လက်နက်ကြီးများဖြင့်လည်း ဆက်တိုက် ပစ်ခတ်မှု ရှိကြောင်း တိုက်ပွဲတွင် ပူးပေါင်းတိုက်ခဲ့သည့် ဒီးမော့ဆို ပြည်သူ့ကာ ကွယ်ရေးတပ်မှ ပြန်ကြားရေးတာဝန်ခံက ပြောသည်။

၎င်းက "ထိုးစစ်ဆင်လာလို့ ကျနော်တို့နဲ့ ရင်ဆိုင်တိုက်ပွဲ ဖြစ်တယ်။ တနေကုန် တိုက်ပွဲဖြစ်ပြီးတော့ တိုက်လေယာဉ် ၂ စီးနဲ့ ဗုံးလာကြဲတယ်။ မနေ့က ညနေပိုင်းလောက်မှာကြဲတာ။ တင့်ကား ၃ စီးလည်း သုံးတယ်။ လက်နက်ကြီးနဲ့ အဘက် ဘက်ကနေ ပစ်တယ်။ လေယာဉ်နဲ့လည်း ပစ်တယ်။ တင့်ကားနဲ့လည်း ပစ်တယ်" ဟု ရှင်းပြသည်။

ယင်းတိုက်ပွဲအတွင်း ကျဆုံးခဲ့သည့် ၂၀ ခန့်အနက် မိုးဗြဲ PDF မှ ၇ ဦး ကျဆုံးပြီး ၆ ဦး ဒဏ်ရာရရှိခဲ့ကာ ကျဆုံးသူများ ထဲတွင် ရှေ့တန်း ဆရာဝန် ၁ ဦး ပါဝင်ကြောင်းနှင့် ကယ်ဆယ်ရေးကား ၁ စီး ပျက်စီးခဲ့ကြောင်း မိုးဗြဲပြည်သူ့ကာ ကွယ်ရေးတပ်က ထုတ်ပြန်ထားသည်။



မိုးဗြဲတိုက်ပွဲမြင်ကွင်း / Loikaw PDF

တိုက်ပွဲသည် ယနေ့ (ဖေဖော်ဝါရီ ၁၈ ရက်) ထိ ဆက်လက် ပြင်းထန်နေပြီး ဒေသခံ ထောင်ချီမှာလည်း တိုက်ပွားကြား ပိတ်မိနေကြောင်း၊ စစ်ဘေးရှောင် အများစု ခိုလှုံနေသည့် ဝါရီဆူးပလိုက်ကျေးရွာတွင် တိုက်ပွဲကြောင့် မီးလောင်နေ ကြောင်း သိရသည်။

ဆက်လက် ပြင်းထန်နေသည့် တိုက်ပွဲများကြောင့် သေဆုံးသူတချို့၏ ရုပ်အလောင်းများကို သွားရောက် ကောက်ယူ နိုင်ခြင်း မရှိသေးကြောင်းလည်း မိုးဗြဲပြည်သူ့ကာကွယ်ရေးတပ်မှ ကိုစိုးနိုင်က ပြောသည်။

"ကျနော်တို့ စစ်မျက်နှာမှာတောင် ၁၂ ယောက်လောက် ရှိတယ်။ အလောင်းတွေ အခုထိ မကောက်နိုင်သေးတာ ရှိတယ်။ ကောက်နိုင်အောင်လည်း အခုလက်ရှိ အချိန်အထိ ကြိုးစားနေတာပေါ့။ အခုလက်ရှိ စစ်ကောင်စီက မိုးဗြဲမှာ စစ်ကောင်စီက နေရာအပြည့် ယူလိုက်ပြီပေါ့" ဟု ၎င်းက ပြောသည်။

တိုက်ပွဲများအတွင်း စစ်ကောင်စီဘက်မှ အသေအပျောက်များသော်လည်း တိုက်ပွဲပြင်းထန်နေသည့်အတွက် အရေ အတွက်ကိုမူ အတည်မပြုနိုင်သေးကြောင်း မိုးဗြဲ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ထံမှ သိရသည်။

စစ်ကောင်စီတပ်က လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း၊ စနိုက်ပါဖြင့်
ပစ်ခတ်ခြင်းတို့ကြောင့်  အရပ်သားပြည်သူများ သေဆုံးမှုရှိပြီး ဒဏ်ရာရထားသူများ ရှိသော်လည်း အရေအတွက်ကိုမူ အတည်မပြုနိုင်သေးကြောင်း ဒေသသတင်းရင်း မြစ်များက ဆိုသည်။

မိုးဗြဲမြို့တွင် စစ်ကောင်စီတပ်နှင့် PDF ပူးပေါင်းတပ်ဖွဲ့များကြား ဖေဖော်ဝါရီ ၁၅ ရက်မှ စတင်ကာ တိုက်ပွဲဖြစ်ပွားနေ ခြင်းဖြစ်ပြီး တိုက်ပွဲတွင် မိုးဗြဲ PDF၊ လွိုင်ကော် PDF၊ ဒီးမော့ဆို PDF၊ ဖယ်ခုံ PDF၊ KA ၊ KNDF၊ KGZ ၊ JPDF ၊ GZ-21 နှင့် အခြား မဟာမိတ်တပ်ပေါင်းစုများ ပူးပေါင်းပြီး တိုက်ခိုက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**ခင်ဦးမြို့နယ် တိုက်ပွဲတွင်လည်း PDF ၁၂ ဦး ကျဆုံး**

စစ်ကိုင်းတိုင်း၊ ခင်ဦးမြို့နယ် ကံကြီးကုန်းရွာအနီး ယမန်နေ့က ဖြစ်ပွားခဲ့သည့် တိုက်ပွဲတွင် PDF ၁၂ ဦးခန့် သေဆုံးမှု ရှိကြောင်း ဒေသကာကွယ်ရေး တပ်ဖွဲ့များထံမှ သိရသည်။

ဖေဖော်ဝါရီ ၁၇ ရက် နေလယ် ၂ နာရီခန့်က ခင်ဦး – ရေဦးကားလမ်း မြို့သစ်ရွာနှင့် ကံကြီးကုန်းရွာကြားတွင် စစ်ကောင်စီတပ်နှင့် ဒေသခံကာကွယ်ရေးတပ်တို့ ၁ နာရီကြာ တိုက်ပွဲဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။



ခင်ဦးတိုက်ပွဲတွင် ကျဆုံးခဲ့သော PDF ရဲဘော်များ

တိုက်ပွဲဖြစ်ပွားရာ အနီးရှိ မြို့သစ်ရွာမှ ဒေသခံပြည်သူများ၏ စပါး၊ ဆန်နှင့် အခြားသော ပစ္စည်းများကို စစ်ကောင်စီတပ် နှင့် ပျူစောထီး အဖွဲ့ဝင်များက လာရောက်ယူဆောင်သည်ကို ဒေသခံကာကွယ်ရေးအဖွဲ့က ကာကွယ်ရာမှ တိုက်ပွဲဖြစ် ပွားခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါ တိုက်ပွဲအတွင်း စစ်ကောင်စီတပ်က လက်နက်ကြီးများဖြင့် ပစ်ခတ်မှုများ ရှိခဲ့ပြီး ၎င်းတို့အနေဖြင့် လက်လုပ်တူ မီးနှင့် တတောင့်ထိုး လက်လုပ်သေနတ်များကိုသာ အသုံးပြုကာ အကာအကွယ်မရှိသည့် ကွင်းပြင်တွင် တိုက်ခိုက် ရသောကြောင့် အသေအပျောက်များခဲ့ခြင်း ဖြစ်ကြောင်း ခင်ဦးမြို့နယ် PDF တပ်ဖွဲ့ဝင် တဦးက ရှင်းပြသည်။



ခင်ဦးတိုက်ပွဲတွင် ကျဆုံးခဲ့သော PDF ရဲဘော်များ

"ကျနော်တို့ မြို့နယ်က တောလည်း မရှိဘူး၊ တောင်လည်း မရှိဘူး၊ လယ်ကွင်းတွေပဲ အများဆုံး ရှိတာ။ ဒီကန်သင်းရိုး ကိုပဲ အကာအကွယ်ယူပြီး ပစ်ရတာမျိုး။ ကွင်းပြင်ကြီးမှာ ထီးထီးခေါင်ခေါင် တိုက်ရတာပဲ များတယ်။ ဒီဖြစ်စဉ်မှာဆိုရင် လက်နက်အင်အား မမျှတတာတွေ ရှိတယ်။ ကျနော်တို့မှာ စိတ်ဓာတ်နဲ့လူပဲ ရှိတယ်။ လက်နက်အင်အား မမျှတဘူး" ဟု ၎င်းက ပြောသည်။

ဆက်လက်၍ ၎င်းက "ကျည်ဆန် လုံလုံလောက်လောက် မရှိတဲ့ အခက်အခဲတွေလည်း ရှိတယ်။ တိုက်ပွဲမှာ ရဲဘော် တချို့ ကျည်ဆန် ပြတ်သွားတာမျိုး ကုန်သွားတဲ့ အနေအထားအထိ ရောက်ခဲ့ပါတယ်။ တာဝန်ရှိတဲ့

လူကြီးတွေအနေ နဲ့ရော၊ ပြည်သူလူထု အနေနဲ့ကရော ကျနော်တို့ စစ်ကိုင်းတိုင်းကို နည်းနည်း ဂရုစိုက်ပေးကြဖို့ မေတ္တာရပ်ခံပါတယ်။ ကျနော်တို့ တော်လှန်ရေး အင်အားစုတွေ အနေနဲ့ကတော့ အာဏာရှင်ကို တိုက်ဖျက်တဲ့နေရာမှာ အဆုံးထိ ဆက် လက် တော်လှန်သွားမှာပါ" ဟု ဆိုသည်။

https://burma.irrawaddy.com/news/2022/02/18/250030.html

------------------------------------------------------------------------------------------

## မိုးဗြဲမှာတိုက်ပွဲ ပြင်းထန်ပြီး အရပ်သား တစ်ဦးသေ၊ ခုနစ်ဦး ဒဏ်ရာရ

2022.02.18



ဖေဖော်ဝါရီလ ၁၈ ရက်နေ့က လွိုင်ကော် PDF အဖွဲ့က ထုတ်ပြန်သည့် တိုက်ပွဲဓာတ်ပုံတစ်ပုံ။ Photo: Loikaw PDF

ရှမ်းပြည်နယ်တောင်ပိုင်း မိုးဗြဲမြို့နဲ့ အနီးတဝိုက်မှာ ဒီကနေ့ စစ်ကောင်စီနဲ့ ပြည်သူ့ ကာကွယ်ရေးတပ် (PDF) တွေအကြား တိုက်ပွဲတွေဆက်ဖြစ်နေပြီး အရပ်သားတစ်ဦး ထိခိုက်သေဆုံးခဲ့သလို ခုနစ်ဦး ဒဏ်ရာရရှိခဲ့တဲ့အပြင် လူနေအိမ်တွေလည်း မီးရှို့ခံ ထားရတယ်လို့ PDF တွေနဲ့ ဒေသခံတွေက RFA ကို ပြောပါတယ်။

ဒီကနေ့ မနက်ပိုင်းမှာ မိုးဗြဲမြို့တောင်ဘက် တစ်မိုင်လောက်ဝေးတဲ့ ဝါရီဆူးပလိုင်ကျေးရွာ က လူနေအိမ်တွေ မီးလောင်နေပြီး အရပ်သားတွေကတော့ နီးစပ်ရာတောတွေထဲ ထွက်ပြေးနေတယ်လို့ တိမ်းရှောင်နေတဲ့ဒေသခံတစ်ဦးက ပြောပါတယ်။

**"မနေ့ကတော့ လေးလုံးကနေ ငါးလုံးဝန်းကျင်ပေါ့နော်။ နေမဝင်အခင်အထိပေါ့နော်။ ညမှာလည်း စပြီး ရှို့တယ်ပေါ့နော်။ မနက်အစောကရော အခုရော တောက်လျှောက် တော့ ရှို့နေတယ်ပေါ့နော်။ အဲဒါကတော့ အလုံးအရေ အတိအကျတော့ မသိရသေးဘူး ပေါ့နော်။ မနေ့က ပထမဆုံးထိတဲ့ အိမ်ဆိုရင် အိမ်ရှင်ပါ ပါသွားတယ်။ အိမ်ရှင်ပါ အသက်ဆုံးရှုံးလိုက်ရတယ်။ နောက်ပြီးတော့ ထပ်ပြီးတော့ထိတယ်လို့ ကျွန်တော် သတင်းကြားရတယ်။ မကျခင်လေးမှာပဲ ကျွန်တော်တို့က အိမ်အပြင် ရောက်သွား တယ်ပေါ့"**

လက်နက်ကြီးကျည်ထိမှန်ပြီး သေဆုံးသွားတဲ့အိမ်ရှင်ရဲ့ နာမည်ကိုတော့ မသိရသေးပါဘူး။ ဝါရီဆူးပလိုင်ရွာမှာ အိမ်ခြေ ၂၀၀ ရှိပြီး လူဦးရေ ၁၆၀၀ ကျော်လောက်က ဘေးလွတ်ရာ ထွက်ပြေး တိမ်းရှောင်နေတယ်လို့ ဆိုပါတယ်။ ဒီကနေ့ မီးလောင်ဆုံးရှုံးသွားတဲ့ နေအိမ် အရေအတွက်ကို အတည်ပြုလို့မရသေးပါဘူး။

မနေ့ကလည်း မိုးဗြဲမြို့ပေါ်၊ ဟိုက်ကွီဆည်နဲ့ ဝါရီဆူးပလိုင်ရွာနားမှာ တနေကုန်နီးပါး တိုက်ပွဲဖြစ်ပွားခဲ့ပြီး ကလေးငယ်တစ်ဦးနဲ့ အမျိုးသမီးနှစ်ဦး အပါအဝင် စုစုပေါင်း ခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့တယ်လို့ မိုးဗြဲလူမှုကူညီရေးအဖွဲ့ (Mobye Rescue Team) အဖွဲ့ဝင်က ပြောပါတယ်။

**"အရပ်သား ခုနစ်ယောက်မှာ ကလေးငယ်လေးကတော့ တစ်ယောက်ပါမယ်ရှင့်။ ဒါပေမဲ့ ကလေးငယ်ကတော့ နည်းနည်းပဲထိရုံလေးပဲ စိုးရိမ်ရတဲ့ အခြေအနေမရှိဘူးရှင့်။ အမျိုး သမီးက နှစ်ယောက်ရှင့်။ ကျန်တဲ့ဟာ အမျိုးသားရှင့်။ အမျိုးသား ငါးယောက်ရှင့်။ အိမ်မှာနေနေတာပေါ့နော် လက်နက်ကြီးကျတော့ အိမ်ပတ်ဝန်းကျင်မှာကျတော့ လက်နက်ကြီးစတွေ မှန်တာရှင့်"**

ထိခိုက်ဒဏ်ရာရသူတွေဟာ မြို့မရပ်ကွက်က အသက် ၅၃ နှစ်အရွယ် ဦးကျော်ဌေး၊ အသက် ၃၂ အရွယ် ယုဇနထွန်း၊ ပေါ်ဦး (၁) ရပ်ကွက်နေ အသက်၂၇ နှစ်အရွယ် လင်းထက်ဦး၊ သစ်ရာကုန်းရပ်ကွက်နေ အသက် ၂၈ နှစ်အရွယ် ကျော်ဝင်းခိုင်၊ စည့်ကား (၁) ရပ်ကွက်နေ အသက် ၂၈ နှစ် လင်းညို တို့ဖြစ်ပြီး ကျန်နှစ်ဦးရဲ့ အချက်အလက်တွေကိုတော့ မသိရသေး ဘူးလို့ မိုးဗြဲလူမှုကူညီရေးအဖွဲ့က ပြောပါတယ်။

ဒ့ါအပြင် မနေ့က မိုးဗြဲတိုက်ပွဲမှာ စစ်ကောင်စီဘက်က ၂၀ ဦးသေဆုံးခဲ့သလို မိုးဗြဲ PDF ဘက်က ခုနစ်ဦး သေဆုံးကာ ခြောက်ဦး ဒဏ်ရာရရှိခဲ့တယ်လို့ မိုးဗြဲ PDF က ဒီကနေ့မှာ သတင်းထုတ်ပြန်ပါတယ်။ မိုးဗြဲ PDF နဲ့အတူ ပူးပေါင်းတိုက်ခိုက်တဲ့ လွိုင်ကော် PDF၊ ဒီးမော့ဆို PDF၊ ဖယ်ခုံ PDF၊ KA ၊ KNDF၊ KGZ ၊ JPDF၊ GZ-21 တပ်တွေမှာလည်း ထိခိုက်သေဆုံးမှုတွေရှိခဲ့တယ်လို့ အဲဒီထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။ ဒေသတွင်း သတင်းတချို့မှာတော့ PDF ပူးပေါင်းတပ်ဖွဲ့ဝင် အနည်းဆုံး ၂၀ ဦး သေဆုံးခဲ့တယ်လို့ ပြောပေမယ့် ဒီအချက်အလက်ကို PDF တွေဘက်က တရားဝင်ထုတ်ပြောတာမရှိသေးပါဘူး။

ထိခိုက်ဒဏ်ရာရသူတွေဟာ မြို့မရပ်ကွက်က အသက် ၅၃ နှစ်အရွယ် ဦးကျော်ဌေး၊ အသက် ၃၂ အရွယ် ယုဇနထွန်း၊ ပေါဦး (၁) ရပ်ကွက်နေ အသက်၂၇ နှစ်အရွယ် လင်းထက်ဦး၊ သစ်ရာကုန်းရပ်ကွက်နေ အသက် ၂၈ နှစ်အရွယ် ကျော်ဝင်းခိုင်၊ စည်ကား (၁) ရပ်ကွက်နေ အသက် ၂၈ နှစ် လင်းညို တို့ဖြစ်ပြီး ကျန်နှစ်ဦးရဲ့ အချက်အလက်တွေကိုတော့ မသိရသေး ဘူးလို့ မိုးဗြဲလူမှုကူညီရေးအဖွဲ့က ပြောပါတယ်။

ဒ့ါအပြင် မနေ့က မိုးဗြဲတိုက်ပွဲမှာ စစ်ကောင်စီဘက်က ၂၀ ဦးသေဆုံးခဲ့သလို မိုးဗြဲ PDF ဘက်က ခုနစ်ဦး သေဆုံးကာ ခြောက်ဦး ဒဏ်ရာရရှိခဲ့တယ်လို့ မိုးဗြဲ PDF က ဒီကနေ့မှာ သတင်းထုတ်ပြန်ပါတယ်။ မိုးဗြဲ PDF နဲ့အတူ ပူးပေါင်းတိုက်ခိုက်တဲ့ လွိုင်ကော် PDF၊ ဒီးမော့ဆို PDF၊ ဖယ်ခုံ PDF၊ KA ၊ KNDF၊ KGZ ၊ JPDF၊ GZ-21 တပ်တွေမှာလည်း ထိခိုက်သေဆုံးမှုတွေရှိခဲ့တယ်လို့ အဲဒီထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။ ဒေသတွင်း သတင်းတချို့မှာတော့ PDF ပူးပေါင်းတပ်ဖွဲ့ဝင် အနည်းဆုံး ၂၀ ဦး သေဆုံးခဲ့တယ်လို့ ပြောပေမယ့် ဒီအချက်အလက်ကို PDF တွေဘက်က တရားဝင်ထုတ်ပြောတာမရှိသေးပါဘူး။

**"အလုံးအရေ အတိအကျတော့ မသိရသေးဘူးပေ့ါနော်။ မနေ့က ပထမဆုံးထိတဲ့အိမ်ဆိုရင် အိမ်ရှင်ပါ အသက်ဆုံးရှုံးလိုက်ရတယ်"**

စစ်ကောင်စီ ပြန်ကြားရေးဒုဝန်ကြီး ဗိုလ်ချုပ် ဇော်မင်းထွန်း က မိုးဗြဲတိုက်ပွဲမှာ သူတို့ဘက် ထိခိုက်ဒဏ်ရာရတဲ့ စစ်သည်အချို့ရှိခဲ့တယ်လို့ ဝန်ခံပေမယ့် စစ်တပ်ကပစ်လိုက်တဲ့ လက်နက်ကြီးကျည်ကြောင့် အရပ်သားတွေ ထိခိုက်သေဆုံးတယ်ဆိုတဲ့ စွပ်စွဲချက်တွေ ကိုတော့ ငြင်းဆိုပါတယ်။

**"မိုးဗြဲမှာ မနေ့က နှစ်ကြိမ်၊ သုံးကြိမ်ဖြစ်ခဲ့တယ်။ အဲဒီမှာ ကျွန်တော်တို့ဆီက လက်နက် အချို့ရလိုက်တာရှိတယ်။ ကျွန်တော်တို့ဆီက စစ်သည်အချို့လည်း ဒဏ်ရာရတာရှိတယ်။ ညနေ ၅ နာရီလောက်မှာ KNPP နဲ့ အဖွဲ့ဝင် ၈၀ လောက်က လုံခြုံရေးစစ်ကြောင်းကို လာရောက်ပစ်ခတ်တာရှိတယ်။ စစ်သည် နှစ်ယောက်လောက် ဒဏ်ရာရတာရှိပါတယ်။ သာမန်အရပ်သားကတော့ အဲဒီဘက်မှာ မရှိတာများတယ်။သူတို့အနေနဲ့ကတော့ အောင်ပွဲရတယ်ပေ့ါဗျာ။ တပ်က ဘယ်လောက်သေတယ်ကြေတယ်ပေ့ါ။ သူတို့ဘက်က ဆုံးရှုံးတာရှိလာရင် အဲဒီလူတွေက အရပ်ဝတ်နဲ့ တိုက်ခိုက်တာဖြစ်လို့ ရွာသားဆိုပြီး ပြောင်းသွားတာရှိပါတယ်"**




(၂၀၂၂ ဖေဖော်ဝါရီ ၁၇ ရက် မိုးဗြဲတိုက်ပွဲမှာ ပြည်သူ့ကာကွယ်ရေးတပ်ဘက်က ထိခိုက်ဒဏ်ရာရသူတစ်ဦးကို သယ်ဆောင်လာစဉ်) Photo: PDF Loikaw

PDF တွေဘက်က တိုက်ခိုက်တာတွေမရှိရင် တိုက်ပွဲတွေဖြစ်လာမှာမဟုတ်သလို နှစ်ဖက်ပစ်ခတ်မှုတွေကြားမှာ အရပ်သားတွေလည်း ထိခိုက်စရာမရှိဘူးလို့ ဗိုလ်ချုပ် ဇော်မင်းထွန်း က ပြောပါတယ်။

ကရင်နီအမျိုးသားကာကွယ်ရေးတပ် (KNDF) ပြောရေးဆိုခွင့်ရှိသူကတော့ PDF တွေ ဘက်က ထိခိုက်သေဆုံးမှုတွေရှိတာ မှန်ပေမယ့် အသေးစိတ်အချက်အလက်တွေကို ထုတ်မပြောနိုင်သေးဘူးလို့ RFA ကို ပြောပါတယ်။

**"အကျအဆုံးစာရင်းက ကျနော်တို့ အခုထိ အတည်မပြုနိုင်သေးဘူး။ ဒါပေမဲ့ ဒဏ်ရာ အများအပြားရတာရယ်၊ အကျများတာရယ်တော့ ဟုတ်ပါတယ်။ တိုက်ပွဲတွေက ဆက်ပြီးတော့မှ ဖြစ်နေတုန်းပဲ အခုချိန်ထိ ကျနော်တို့က ရှေ့တန်းစစ်မြေပြင်က ဒီလိုပုံစံဖြစ်နေသေးရင် ချက်ချင်းထုတ်ဖော်မှာ မဟုတ်သေးဘူး"**

ပြီးခဲ့တဲ့ဖေဖော်ဝါရီလ ၁၆ ရက်နေ့မနက်မှာ မိုးပြဲမြို့တွင်း စစ်ကောင်စီအင်အား ၂၀၀ ခန့်က စစ်ကြောင်းစတင်ထိုးခဲ့တာဖြစ်ပြီး ယနေ့ ဖေဖော်ဝါရီလ ၁၈ ရက်နေ့အထိ ကရင်နီပူးပေါင်း တပ်ဖွဲ့နဲ့ တိုက်ပွဲတွေ ဆက်တိုက်ပြင်းထန်နေတာဖြစ်ပါတယ်။

အရပ်သားတွေ မိုးပြဲမြို့ကို တဖြေးဖြေးစွန့်ခွာနေကြပေမယ့် မိုးပြဲမြို့နဲ့ အနီးတဝိုက် ရွာတွေမှာ စစ်ကောင်စီတပ်တွေ နေရာယူထားတာကြောင့် အနည်းဆုံး ဒေသခံအရပ်သား တစ်သောင်းကျော်လောက်ဟာ အခုချိန်ထိ တိုက်ပွဲအတွင်း ပိတ်မိနေဆဲဖြစ်တယ်လို့ ဒေသခံတွေက ပြောပါတယ်။

https://www.rfa.org/burmese/news/mobye-serious-battle-02182022052823.html

------------------------------------------------------------------------------------------------

## မိုးပြဲမြို့နယ်မှာ တိုက်ပွဲပြင်းထန်၊ စစ်ကောင်စီတပ်တွေ လေကြောင်းကတိုက်ခိုက်

18 ဖေဖော်ဝါရီ၊ 2022 | ဆုမွန်

ရှမ်းပြည်နယ် မိုးပြဲမြို့နယ်ထဲမှာ စစ်ကောင်စီတပ်တွေ ဒီနေ့လည်း လေကြောင်းကနေ တိုက်ခိုက်ခဲ့ပါတယ်။ မိုးပြဲမြို့တောင်ဘက် ဝါရီဆူးဖလိုင်ရွာဘက်ကို စစ်လေယာဉ်တွေနဲ့ လာရောက်ပစ်ခတ်တယ်လို့ ဒေသခံတွေကပြောပါတယ်။ စစ်ကောင်စီတပ်နဲ့ ပြည်သူ့ကာကွယ်ရေးတပ်တွေနဲ့ ၃ ရက်ဆက်တိုက် ဒီနေ့ အစောပိုင်းက တိုက်ပွဲပြင်းထန်ခဲ့ပြီး ညနေပိုင်းက လေကြောင်းနဲ့ တိုက်ခိုက်နေတာဖြစ်ပါတယ်။ အပြည့်အစုံရန်ကုန်ကလာတဲ့သတင်းကို မဆုမွန်က တင်ပြပေးထားပါတယ်။

ရှမ်းပြည်နယ် မိုးပြဲမြို့အစွန်ဘက်နဲ့ မိုးပြဲမြို့နယ် ဝါရီဆူးဖလိုင်ကျေးရွာတဝိုက်မှာ ဖေဖော်ဝါရီ ၁၈ ရက်သောကြာနေ့ နေ့လယ်ပိုင်းကတည်းက စစ်ကောင်စီနဲ့ ပြည်သူ့ကာကွယ်ရေးအဖွဲ့တွေ တိုက်ပွဲပြင်းထန်ခဲ့ပါတယ်။ ညနေပိုင်း ၅ နာရီကျော်လောက်မှာတော့ စစ်တပ်က လေယာဉ်တွေပါသုံး ပစ်ခတ်ခဲ့ပါတယ်။ ဝါရီဆူးဖလိုင်ရွာနားတဝိုက် လေကြောင်းကနေ ပစ်ခတ်နေပုံကို ဒေသခံက ခုလိုပြောပြပါတယ်။

"အခု စစ်လေယာဉ် ဝဲပြီး ခုနက ၃ ချက်ပစ်နေပြီ။ အခုက....(ဗုံးပစ်တဲ့အသံ...) ပစ်နေပြီနော်။ ပစ်နေပြီ...ပစ်နေပြီ...။ လေယာဉ်နဲ့ပစ်နေပြီ။ အခုလက်ရှိ စစ်လေယာဉ်နဲ့ပစ်နေပါတယ်ခင်ဗျ။ ၂ စင်းပါခင်ဗျ။ အဲ့ဒီဝါရီဆူးဖလိုင်းဘက်မှာ ခင်ဗျ ဝါရီဆူးဖလိုင်ရွာမှာပစ်နေတယ်။"

အဲဒီဘက်မှာ ညနေ ၅ နာရီကျော်တဲ့အထိ တိုက်ပွဲတွေဖြစ်နေတာကိုလည်း နောက်ထပ်ဒေသခံက ခုလို ပြောပြပါတယ်။

"အခုလည်း (တိုက်ပွဲ)ရှိနေတယ်ခင်ဗျ။ အခုကလုပ်နေတုန်းပဲ ခင်ဗျ။ ပစ်ခတ်နေတုန်းပါ။ လက်ရှိ မိုးပြဲ ဝါရီဆူးဖလိုင်းနားက ဝါရီဆူးဖလိုင်ရွာရယ်၊ ဝီသဲကူတို့ရွာ၊ အဲ့မှာ ပစ်ခတ်မှုဖြစ်နေတယ်။ ဟို ၂ နာရီကတည်းက စဖြစ်ပါတယ်။ အခုက မပြီးသေးဘူးခင်ဗျ။ အခုက ဖြစ်နေတုန်းပဲ။ မပြီးဆုံးသေးဘူးခင်ဗျ။ မြို့ပေါ်ဘက်မှာတော့ (တိုက်ပွဲ) မရှိသေးပါဘူး။ ဒါပေမယ့် သူက မိုးပြဲမြို့ရဲ့ အစွန်ဘက်မှာ တောင်ဘက်ပေါ့နော်။ အဲ့မှာဖြစ်နေတယ်ခင်ဗျ။ တိုက်ပွဲဖြစ်နေပါတယ်။"

ကြာသပတေးနေ့ကလည်း မိုးမြဲမြို့မှာ ၂ ဘက်တိုက်ပွဲတွေဖြစ်ခဲ့ပြီး ညပိုင်းရောက်ချိန်မှာတော့ စစ်တပ်က တိုက်လေယာဉ်တွေသုံး ပစ်ခတ် တိုက်ခိုက်ခဲ့ပါတယ်။ မိုးပြဲမြို့ထဲမှာ ဒီနေ့ တိုက်ပွဲတွေမရှိပေမယ့် စစ်တပ်ဘက်က တနေ့လုံး လက်နက်ကြီးတွေနဲ့ တောက်လျှောက် ပစ်ခတ်နေတယ်လို့ နောက်ထပ် မြို့ခံတဦးက ပြောပါတယ်။

"သူ့ဟာသူ ထု။ တမနက်လုံး လက်နက်ကြီးကျတာပဲ၊ ဒုန်း...ဒုန်း...ဒုန်းနဲ့ စစ်ကောင်စီဘက်ပဲ ထုမယ်ထင်တယ်။ တိုက်ပွဲတော့ မဖြစ်လောက်ဘူး။ ဒါပေမယ့် လက်နက်ကြီးသံတော့ ဆက်တိုက်ကြားတယ်။"

ဒီနေ့ တိုက်ပွဲတွေ ဆက်ဖြစ်နေတဲ့ ဝါရီဆူးဖလိုင်ရွာနားတဝိုက်မှာတောည စစ်ကောင်စီတပ်တွေ တပ်စွဲနေရာယူထားလို့ ဒေသခံတွေ ဘေးလွတ်ရာကို ထွက်ပြေးတိမ်းရှောင်နေကြရပါတယ်။ ဝါရီဆူးဖလိုင်ကျေးရွာမှာတော့ မနေ့ကနေ ဒီနေ့အထိ နေအိမ် ၅၀ ကျော် လောင်ကျွမ်းခဲ့တယ်လို့ ဒေသခံက ပြောပါတယ်။

"ကျနော်တို့ မိုဗြဲက ကျေးရွာအုပ်စုထဲမှာပဲ ဝါရီဆူးဖလိုင်ရွာက အားလုံး အိမ်ခြေက ၅၀ ကျော်ကျော်တော့ လောင်သွားတာပေ့ါဗျာ။ မနေ့က လောင်ထားတာက နည်းနည်းပါပဲ။ ၂၀၊ ၃၀ ပဲပေ့ါနော်။ အားလုံး ၃၀ ကျော်ကျော်လောက် ထပ်လောင်သွားလေ ဒီရက်က။"

စစ်ကောင်စီရဲ့ လက်နက်ကြီးတွေကြောင့် ကလေးသူငယ်တဦးအပါအဝင် အရပ်သားပြည်သူ ၇ ဦး လက်နက်ကြီးထိမှန် ဒဏ်ရာရရှိခဲ့သူတွေရှိတယ်လို့ မိုးဗြဲပရဟိတလူမှုကူညီရေးအသင်းက ပြောပါတယ်။

"မနေ့ကနေ အခုချိန်ထိတော့ ၇ ယောက်လောက်ရှိမယ်ရှင်။ အဲ့ဒါ အရပ်သားပြည်သူတွေပေ့ါနော်။ ၇ ယောက်လောက်ရှိမယ်ရှင် ဟုတ်။ ကလေးကတော့ တယောက်ပါမယ်။ ကောင်မလေး ၄ ယောက်ပါမယ်။ ကျန်တာတော့ ယောက်ကျားလေးပဲပေ့ါ။ တချို့ကျတော့ ဘုန်းကြီးကျောင်းမှာပေ့ါနော်။ သူတို့နေနေတယ်။ နောက်မှ လက်နက်ကြီးက ကျသွားတာ။ တော်တော်လေးတော့ ထိသွားတယ်။ ဘုန်းကြီးကျောင်းထိတောင် လက်နက်ကြီးက ကျတာဆိုတော့လေ။ လုံခြုံရေးအပိုင်းတော့ နည်းနည်းကြီးတော့ မလုံခြုံတော့ဘူးထင်တာပေ့ါနော်။ ကိုယ့်အိမ်မှာပဲနေနေ ဘယ်လိုပဲ နေနေပေ့ါနော်။ ဖြစ်နိုင်ရင်တော့ မြန်မြန်လေး စွန့်ခွာသွားနိုင်ရင်တော့ ပိုကောင်းလိမ်မယ်ပေ့ါနော်။"

ဖေဖော်ဝါရီ ၁၇ ရက်ကြာသပတေးနေ့က ဒေသခံတွေဟာ ဘုန်းကြီးကျောင်းနဲ့ နေအိမ်တွေထဲ ခိုလှုံနေချိန်မှာ လက်နက်ကြီးတွေ ရောက်ကျလာလို့ အခုလို ဒဏ်ရာတွေ ရကြရတာပါ။ ဒါကြောင့် မိုးဗြဲမြို့မှာ နေထိုင်လို့ မလုံခြုံတော့တာမို့ မြို့ထဲမှာ ကျန်နေတဲ့ ဒေသခံတွေ ဘေးလွတ်ရာကို အမြန်တိမ်းရှောင်ကြဖို့ ပရဟိသမားတွေက အကြံပေးနေကြပါတယ။်

ဖေဖော်ဝါရ ၁၇ ရက် မနေ့က ပြည်သူ့ကာကွယ်ရေးပူပေါင်းတပ်ဖွဲ့နဲ့ စစ်ကောင်စီတပ်တွေအကြား မိုးဗြဲမြို့ထဲက ဟိုက်ကွီဆည်နဲ့ ဝါရီဆူးဖလိုင်ကျေးရွာနားမှာ ဖြစ်ခဲ့တဲ့ တိုက်ပွဲတွေအတွင်း ဒေသခံပြည်သူ့ ကာကွယ်ရေးအဖွဲ့ဝင် ၇ ယောက်အပြင် ကယ်ဆယ်ရေးဆရာဝန်တယောက်လည်း သေဆုံးခဲ့တယ်လို့ မိုးဗြဲပြည်သူ့ကာကွယ်ရေးတပ်က ထုတ်ပြန်ပါတယ်။

အခုလို မိုးဗြဲမြို့နယ်ထဲမှာ တိုက်ပွဲတွေဖြစ်နေတာကြောင့် ထောင်နဲ့ချီတဲ့ ဒေသခံတွေ အိုးပစ်အိမ်ပစ် ဘေးလွတ်ရာကို ထွက်ပြေးတိမ်းရှောင်နေကြရပါတယ်။ စစ်ဘေးဒုက္ခသည်တွေအတွက် နေထိုင်ရေးအပြင် စားသောက်ရေးအတွက် အရေးပေါ် အကူအညီလိုအပ်နေပါတယ်။

[https://burmese.voanews.com/a/whatishappeninginmyanmar-shanattack-မိုးၿဗဲ-ရွမ္းျပည္နယ္-ေလေၾကာင္းတုိက္ခုိက္-စစ္ေကာင္စီ-စစ္ေဘးဒုကၡသည္-ဝါရီဆူးဖလိုင္-အရပ္သား-ဗိုလ်ဲအိုေအ/6447587.html](https://burmese.voanews.com/a/whatishappeninginmyanmar-shanattack-မိုးၿဗဲ-ရွမ္းျပည္နယ္-ေလေၾကာင္းတုိက္ခုိက္-စစ္ေကာင္စီ-စစ္ေဘးဒုကၡသည္-ဝါရီဆူးဖလိုင္-အရပ္သား-ဗိုလ်ဲအိုေအ/6447587.html)

---

## သထုံခရိုင်တွင် ပစ်ခတ်မှုဖြစ်ပွားပြီး စစ်ကောင်စီတပ်သား ၅ ဦး သေ၊ ၄ ဦးဒဏ်ရာရ

Published By DVB | 18 February, 2022

ကရင်အမျိုးသားအစည်းအရုံး (ကေအန်ယူ) လက်အောက်ခံ KNLA တပ်နဲ့ PDF ပူးပေါင်းတပ်ဖွဲ့က သထုံခရိုင်မှာ အခြေစိုက်လှုပ်ရှားနေတဲ့ စစ်ကောင်စီတပ်ဖွဲ့ကို ဖေဖေါ်ဝါရီ ၁၇ ရက်က သွားရောက်ပစ်ခတ်ရာမှာ စစ်ကောင်စီတပ်သား ၅ ယောက် သေဆုံးပြီး ၄ ယောက် ဒဏ်ရာရသွားတယ်လို့ ကေအန်ယူထံကနေ သိရပါတယ်။

စစ်ကောင်စီတပ်ဖွဲ့တဖွဲ့ဟာ  သထုံခရိုင် ကဒေါ့နီကျေးရွာ ဘုန်းတော်ကြီးကျောင်းကို အကာအကွယ်ယူပြီး လှုပ်ရှားနေတဲ့တပ်ဖွဲ့ဖြစ်ပြီး KNLA တပ်မဟာ(၁) တပ်ရင်း(၂)က အနီးကပ်သွားရောက်ပြီး သံဃာတွေကိုမထိအောင်  ပစ်ခတ်တိုက်ခိုက်ခဲ့တာလို့ KNLA တပ်မှူးက   ပြောပါတယ်။

တိုက်ပွဲဖြစ်ပြီးနောက် စစ်ကောင်စီဘက်က သေဆုံးသူနဲ့ ဒဏ်ရာရှိသူတွေကို သထုံမြို့ဘက်သို့ သယ်ယူပို့ဆောင်သွားကြပြီး KNLA ပူးပေါင်းတပ်ဖွဲ့လည်း ဆုတ်ခွာလာခဲ့တယ်လို့လည်း ဆိုပါတယ်။

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ ကော့ကရိတ်ခရိုင်၊  ဖာပွန်ခရိုင်နဲ့ ညောင်လေးပင်၊ ကျောက်ကြီးဒေသတွေမှာလည်း ညဘက် ၈ နာရီဝန်းကျင်လောက်  စစ်ကောင်စီဘက်ကနေ လက်နက်ကြီးတွေနဲ့ ကျေးရွာတွေဘက်ကို ပစ်ခတ်မှုတွေ ရှိနေပါတယ်။

မြဝတီမြို့တောင်ဘက် ဖလူးကျေးရွာမှာတော့ စစ်ကောင်စီတပ်ရဲ့ လက်နက်ကြီး ပစ်ခတ်မှုကြောင့် ဖလူးကြီးဒေသခံတစ်ဦး ကျည်စထိမှန်ပြီး ဖေဖော်ဝါရီလ ၁၇ ရက်က သေဆုံးသွားတယ်လို့ ရပ်ကျေး ဥက္ကဋ္ဌဟောင်းက ပြောပါတယ်။

http://burmese.dvb.no/archives/517781

-----------------------------------------------------------------------------------------

## လှိုင်ကော်ရဲတပ်သား ၁ ဦး လက်နက်နှင့်အတူ ပြည်သူ့ထံ အလင်းဝင်

Published By DVB | 18 February, 2022



လှိုင်ကော်အခြေစိုက် ရဲဌာနမှာ တာဝန်ထမ်းဆောင်နေတဲ့ ရဲတပ်သား မောင်စိုးဟိန်းသူဟာ လက်နက်နဲ့အတူ ပြည်သူ့ဘက်တော်သားအဖြစ် ပူးပေါင်းပါဝင်လာခဲ့တယ်လို့ ကရင်နီ ဒီမိုကရက်တစ်တပ်ဦး(KDF) က ထုတ်ပြန်ပါတယ်။

ကရင်နီဒီမိုကရက်တစ်တပ်ဦးနဲ့ ကရင်နီပြည်အခြေစိုက်ပြည်သူ့ရဲ KSP တို့ပူးပေါင်းကာ နယ်မြေ လှုပ်ရှားနေချိန်မှာ  ခုလိုလာရောက်ခိုလှုံ CDM ပြုလုပ်ပြီး ပူးပေါင်းခဲ့တာလို့ ဆိုပါတယ်။

ရဲတပ်သား မောင်စိုးဟိန်းသူဟာ G-3 အမျိုးအစားသေနတ် ၁ လက် ၊ 7.62 ကျည် ၁၀၄ တောင့် ၊ ကျည်ဘောက် ၂ ဘောက်တို့ကို ယူဆောင်လာခဲ့ပြီး KDF နဲ့ KSP တို့ဆီ အပ်နှံခဲ့ပြီး ပြည်သူ့ဘက်တော်သားအဖြစ် ပူးပေါင်းလာခဲ့သည့်အတွက်လည်း ဂုဏ်ယူကြောင်း ဖော်ပြ ထားပါတယ်။

အလားတူ  ရဲဝန်ထမ်းတွေ ၊စစ်သားတွေ အနေနဲ့လည်း ပြည်သူ့ဘက် ရဲရဲဝံ့ဝံ့ရပ်တည်ပြီး CDM ပါဝင်ကြဖို့နဲ့ CDM ဝင်ရောက်လာပါကလည်း သေနတ်တွေပါ တစ်ပါတည်း ယူဆောင် လာကြဖို့ KDF က တိုက်တွန်းနှိုးဆော်ထားပါတယ်။

လက်ရှိကာလ မြန်မာနိုင်ငံမှာတော့ အာဏာသိမ်းစစ်အုပ်စုရဲ့ ပြည်သူလူထုအပေါ် အကြမ်းဖက်ဖိနှိပ် ဖမ်းဆီး တိုက်ခိုက်သတ် ဖြတ်နေမှုတွေကို ပြည်သူလူထုတရပ်လုံးက အသက်ရှင်သန်ရေး အတွက် ခုခံကာကွယ်ပိုင်ခွင့်အရ၊ ပြည်သူ့ခုခံစစ် (Peoples Defensive War) ကို ဆင်နွှဲ နေကြတာပါ။

နိုင်ငံတဝန်းမှာတော့ မြန်မာပြည်သူတွေဟာ စစ်အာဏာရှင်စနစ် မြန်မာ့မြေပေါ်မှ အပြီး တိုင်ချုပ်ငြိမ်းရေးနဲ့ ဖက်ဒရယ်ဒီမိုကရေစီတည်ဆောက်ရေးအတွက် ငြိမ်းချမ်းစွာဆန္ဒပြတဲ့ လူထုသပိတ်တိုက်ပွဲတွေ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေ အနှံ့အပြား ဖြစ်ပွားနေပါတယ်။

http://burmese.dvb.no/archives/517691

------------------------------------------------------------------------------------------

## ကနီမြို့နယ် ဝင်မနားရဲစခန်းက ရဲတပ်သား ၂ ဦး ပြည်သူ့ကာကွယ်ရေးတပ်ထံ ခိုလှုံ

Published By DVB | 18 February, 2022



ကနီမြို့နယ် ဝင်မနားနယ်မြေရဲစခန်းက ရဲတပ်သား ၂ ဦး ဖေဖော်ဝါရီ ၁၅ ရက်က  ပြည်သူ့ကာကွယ်ရေးတပ်ထံ လက်နက်ချ အလင်းဝင်ရောက်ခိုလှုံခဲ့တယ်လို့ ကနီမြို့နယ် ပြည်သူ့ကာကွယ်းအဖွဲ့က ပြောပါတယ်။

"လက်နက်ကတော့ G4 တစ်လက်၊ ကျည်အတောင့် ၃၅၀ ရယ်၊ ကျည်ဘောက် နှစ်ခုရယ် ပါလာတယ်။ သူတို့ လုံခြုံရေးအရ ကျနော်တို့ သတင်းမထုတ်ဘဲထားခဲ့တာပါ။ အခုတော့ သူတို့ လွတ်မြောက်နယ်မြေရောက်သွားပြီ။ လက်နက်ကိုတော့ စာရင်းဇယားလုပ်ပြီး NUG အစိုးရထံ တင်ပြအပ်နှံထားပါတယ်" လို့ ဒေသခံပြည်သူကာကွယ်ရေးအဖွဲ့ခေါင်းဆောင်တဦးက ပြောပါတယ်။

ကနီမြို့နယ် ဝင်မနားရဲစခန်းကို ပြည်သူ့ကာကွယ်ရေးတပ်တွေက နှစ်ကြိမ်ဝင်ရောက်တိုက်ခိုက်ခဲ့ တာကြောင့် စစ်ကောင်စီက လူအင်းအားဖြည့်တင်းထားပါတယ်။

ဒါပေမဲ့ တပ်သားတွေကို ရိက္ခာလုံလုံလောက်လောက်မပေးတာ၊ သတင်းအချက်လက် အမှောင်ချ ထားတာတွေ ရှိနေတာကြောင့် စခန်းအတွင်း မညီမျှချက်တွေလည်း ရှိနေတယ်လို့ CDM ဝင်လာတဲ့ရဲတပ်သား နှစ်ဦးရဲ့ ပြောပြချက်အရ သိရပါတယ်။

အဲဒီဝင်မနား နယ်မြေရဲစခန်းဟာ ကနီမြို့ရဲ့မြောက်ဘက် ချင်းတွင်းမြစ်အရှေ့ဘက်ကမ်းကနေ ၁၅ မိုင်ခန့် မှာ တည်ရှိတဲ့ရဲစခန်းတစ်ခုလည်းဖြစ်ပါတယ်။

http://burmese.dvb.no/archives/517668

------------------------------------------------------------------------------------------

## ကော်မရှင်သစ်ရဲ့ စစ်ဆေးမှုကို လက်ခံမှာမဟုတ်ကြောင်း NLD ပြော

2022.02.18




စစ်ကောင်စီက ခန့်အပ်ထားတဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုး ကို ၂၀၂၁ မေ ၂၁ ရက်က တွေ့ရစဉ် Photo: UEC

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီအနေနဲ့ စစ်ကောင်စီက ဖွဲ့စည်းထားတဲ့ ရွေးကောက်ပွဲကော်မရှင် (UEC) ရဲ့ စစ်ဆေးမှုတွေကို လက်ခံဆောင်ရွက်သွားမှာ မဟုတ်ဘူးလို့ ပါတီရဲ့ ဗဟိုအလုပ်ကော်မတီအဖွဲ့ဝင် ဦးကျော်ထွေးက RFA ကို ဒီနေ့ ပြောပါတယ်။

ရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီတွေကို ငွေစာရင်းစစ်ဆေးနေတာတွေနဲ့ ပတ်သက်လို့ RFA က မေးမြန်းခဲ့ရာမှာ ပါတီရဲ့ ဗဟိုအလုပ်ကော်မတီအဖွဲ့ဝင် ဦးကျော်ထွေးက ပြောဆိုခဲ့တာပါ။

**"ရှိထားတဲ့ ကော်မရှင်ကို ဖျက်သိမ်းပြီး အသစ်ဖွဲ့စည်းတယ်ဆိုတာလည်း တရားမဝင် ပါဘူး။ ပြီးတော့ ပါတီကို ငွေစာရင်းစစ်မယ်ဆိုတဲ့ကိစ္စကလည်း ပါတီရဲ့ အလုပ်မှုဆောင် အဖွဲ့ဝင်တွေ အကုန်လုံးကို မတရားဖမ်းဆီး ထိန်းသိမ်းထားပြီးတော့ စစ်ဖို့ဆိုတာက လည်း ဘယ်လိုမှမဖြစ်နိုင်ဘူး။ ပြီးတော့ စစ်ဆေးမယ့်အဖွဲ့ကလည်း ဥပဒေနဲ့အညီ စစ်ဆေးပိုင်ခွင့်ရှိတဲ့အဖွဲ့ဖြစ်ဖို့တော့လိုတယ်"**

ဖေဖော်ဝါရီ ၁၄ ရက်ကနေ ၁၈ ရက်နေ့အတွင်းမှာ NLD ပါတီအပြင် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD)၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ (တစည) နဲ့ ၈၈ မျိုးဆက် ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) ပါတီ တို့ကို ငွေစာရင်း စစ်ဆေးသွားမယ်လို့ UEC က ဖေဖော်ဝါရီလ ၉ ရက်နေ့က ထုတ်ပြန်ခဲ့တာပါ။

ဒါပေမဲ့ ဒီနေ့အချိန်အထိ NLD ပါတီကို တရားဝင်အကြောင်းကြားတာမရှိသလို တဘက် မှာလည်း NLD ပါတီ ခေါင်းဆောင်ပိုင်း ဗဟိုအလုပ်မှုဆောင် အဖွဲ့ဝင်တွေ အားလုံးနီးပါး ဖမ်းဆီးထိန်းသိမ်းခံထားရလို့ ပါတီရဲ့ အရေးကြီးတဲ့လုပ်ငန်းစဉ်တချို့ကို လောလောဆယ် ဆောင်ရွက်ဖို့လည်း မဖြစ်နိုင်ဘူးလို့ ဆိုပါတယ်။

စစ်ကောင်စီရဲ့ UEC ကတော့ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေအရဆိုပြီး နိုင်ငံရေး ပါတီတွေရဲ့ ပါတီဝင် အင်အား၊ ပါတီပိုင် ရန်ပုံငွေနဲ့ ပစ္စည်းတွေ စုဆောင်းထားတာ၊ ထိန်း သိမ်းတာ၊ သုံးစွဲတာ၊ ပါတီဆိုင်ရာလုပ်ငန်းတွေကို စနစ်တကျ ဆောင်ရွက်ခြင်း ရှိ၊ မရှိ ဆိုတာတွေကို အခုရက်ပိုင်းမှာ လိုက်လံစစ်ဆေးနေတာပါ။

နိုင်ငံရေးပါတီ ဘယ်နှစ်ခုကို စစ်ဆေးပြီးပြီ ဆိုတာတော့ ရှင်းရှင်းလင်းလင်း မသိရ သေးပါဘူး။

အဲဒီလို ပါတီတွေကို လိုက်လံစစ်ဆေးရာမှာ လက်ရှိ UEC အဖွဲ့ဝင်တွေအပြင် စာရင်းစစ် ချုပ်ရုံး၊ ပြည်တွင်းအခွန်များ ဦးစီးဌာနနဲ့ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတွေက ဌာနဆိုင်ရာကိုယ်စားလှယ်တွေ ပါဝင်နေပါတယ်။

NLD ပါတီက ခန့်အပ်ထားတဲ့ လက်ရှိ UEC ဥက္ကဋ္ဌ ဦးလှသိန်းနဲ့ အဖွဲ့ဝင်တွေအားလုံးကို စစ်တပ်က အာဏာသိမ်းပြီးကတည်းက ဖမ်းဆီးထားပြီး ဗိုလ်ချုပ်ဟောင်း ဦးသိန်းစိုး ဦးဆောင်တဲ့ UEC အသစ်နဲ့ အစားထိုးထားပါတယ်။

https://www.rfa.org/burmese/news/nld-reject-military-uec-check-02182022080104.html

--------------------------------------------------------------------------------------------------

## ဘုံသဘောတူညီချက်အရ အာဆီယံ အထူးသံ NUG ကို မဖြစ်မနေ တွေ့ဖို့လို

2022.02.18




ကမ္ဘောဒီးယား နိုင်ငံခြားရေးဝန်ကြီး ပရက်ဆော့ခွန်း (Prak Sokhonn) ကို ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့မှာ ၂၀၂၂ ဖေဖော်ဝါရီ ၁၇ ရက်နေ့ကကျင်းပတဲ့ အာဆီယံအစည်းအဝေးမှာ တွေ့ရစဉ် Photo: AFP

သက်ဆိုင်သူအားလုံးကို တွေ့ရမယ်ဆိုတဲ့ အချက်ဟာ စစ်ကောင်စီ ဥက္ကဋ္ဌ ကိုယ်တိုင် သဘောတူထားတဲ့ အာဆီယံ ဘုံသဘောတူညီချက် ငါးချက်ထဲက အရေးကြီးတဲ့ အချက် ဖြစ်တာမို့ အာဆီယံအထူးသံရဲ့ခရီးစဉ်မှာ NUG ကို မဖြစ်မနေ တွေ့ရမယ်လို့ NUG နိုင်ငံခြားရေးဝန်ကြီး ဒေါ်ဇင်မာအောင်က ပြောလိုက်ပါတယ်။

အာဆီယံ အထူးသံတမန်အဖြစ် ခန့်အပ်ခံထားရတဲ့ ကမ္ဘောဒီးယား နိုင်ငံခြားရေးဝန်ကြီး ပရက်ဆော့ခွန်း (Prak Sokhonn ) ဟာ မြန်မာနိုင်ငံကို မတ်လထဲမှာ လာရောက်မှာဖြစ်ပြီး မြန်မာ့အရေးနဲ့ ပတ်သက်လို့ တိုးတက်မှု ရအောင် ဆွေးနွေးဖို့ ရှိနေပါတယ်။

ပရက်ဆော့ခွန်း က မတ်လထဲမှာ မြန်မာနိုင်ငံကို သွားရောက်ဖို့ စီစဉ်နေပြီး သူ့ခရီးစဉ် အတွင်း အမျိုးသားညီညွတ်ရေးအစိုးရ NUG တာဝန်ရှိသူတွေနဲ့ တွေ့ခွင့်ရဖို့ စစ်ကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ခွင့်တောင်းထားတယ်လို့ မနေ့က ကမ္ဘောဒီးယား နိုင်ငံ ဖနွမ်းပင်မြို့မှာ ပြုလုပ်တဲ့ အာဆီယံနိုင်ငံခြားရေး ဝန်ကြီးများ အစည်းအဝေးအပြီးမှာ သတင်းမီဒီယာတွေကို ပြောလိုက်တာပါ။

မြန်မာ့အရေးနဲ့ ပတ်သက်ရင် သက်ဆိုင်သူ အားလုံးနဲ့ တွေ့ရမယ်ဆိုတဲ့ အချက်ဟာ အာဆီယံ ဘုံသဘောတူညီချက် ၅ ချက်ထဲမှာ ပါပြီးသား ဖြစ်တဲ့အတွက် အထူး ကိုယ်စားလှယ်ဟာ NUG နဲ့ တွေ့ဖို့ ဆောင်ရွက်ရမှာ ဖြစ်တယ်လို့ NUG နိုင်ငံခြားရေး ဝန်ကြီး ဒေါ်ဇင်မာအောင် က ပြောပါတယ်။

**" NUG နဲ့ တွေ့ဖို့ကိစ္စကတော့ အာဆီယံ ဘုံသဘောတူညီချက်ထဲမှာပါတဲ့ သက်ဆိုင်သူ အားလုံးနဲ့ တွေ့ဆုံးရေးပေါ့။ မြန်မာပြည်အရေးကို ပတ်သက် ဆက်နွယ်နေတဲ့ တွေ့ဆုံဖို့ ဆိုတာပါ ပါတယ်။ ဘုံသဘောတူညီချက်အရ အကောင်အထည်ဖော်မယ်ဆိုရင်တောင် NUG နဲ့ တွေ့ဆုံဖို့ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒီအပေါ်မှာတော့ ကျမတို့ ထွေထွေ ထူးထူး မှတ်ချက်ပေးစရာ မရှိပါဘူး။ NLD ကိုယ်စားလှယ်နဲ့ တွေ့ဖို့ကိစ္စကတော့ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်တွေရော ပါတီခေါင်းဆောင်တွေရော ဖမ်းဆီးထိန်းသိမ်း ထားနေရတဲ့ အချိန်မှာ ဘယ်သူက ပါတီကို ကိုယ်စားပြုမှာလဲဆိုတဲ့ ကိစ္စကတော့ ကျမတို့ သိပ်မသဲကွဲဘူးပေါ့။ ဆိုတော့ NLD ပါတီဝင်တစ်ယောက်နဲ့တွေ့တာနဲ့ ပါတီကို ကိုယ်စားပြုလိုက်တယ်လို့တော့ ပြောလို့တော့မရဘူး။ ဒါကတော့ စောင့်ကြည့်ရမယ့် ကိစ္စပဲဖြစ်တယ်လို့ ကျမအနေနဲ့ ပြောလိုပါတယ် "**

ပရက်ဆော့ခွန်း ကတော့ အာဆီယံ အထူးသံအနေနဲ့ NUG နဲ့တွေ့ခွင့်ရဖို့ စစ်ကောင်စီထံ တောင်းဆိုတာဟာ နစ်ဖက်ကြားမှာ ပေါင်းကူးတံတားအဖြစ် ကြားဝင်ညှိနှိုင်းလိုတဲ့ သဘောလို့ ပြောထားပါတယ်။

စစ်ကောင်စီဘက်ကလည်း ကမ္ဘောဒီးယားနိုင်ငံခန့် အာဆီယံ သံတမန်သစ်ရဲ့ ခရီးစဉ် အတွင်း ပူးပေါင်းဆောင်ရွက်မယ်လို့ နိုင်ငံခြားရေးဝန်ကြီးဌာန ထုတ်ပြန်ချက်တွေမှာ ပြောထားပါတယ်။ ဒါပေမဲ့ NUG အစိုးရနဲ့ တွေ့ခွင့်ပေး၊ မပေးဆိုတာကို နိုင်ငံခြားရေး ဝန်ကြီးဌာနက အခုချိန်ထိ တရားဝင် ထုတ်ပြောတာ မရှိသေးပါဘူး။

စစ်ကောင်စီပြောခွင့်ရ ပြန်ကြားရေး ဒု-ဝန်ကြီး ဗိုလ်ချုပ်ဇော်မင်းထွန်း ကတော့ တရားစွဲဆိုခံထားရသူတွေ အကြမ်းဖက်အဖွဲ့အဖြစ် ကြေညာထားသူတွေနဲ့ ပေးတွေ့မှာမဟုတ်ဘူးလို့ ဒီကနေ့ RFA က ဆက်သွယ်မေးမြန်းစဉ် ပြန်လည် ဖြေကြားထားပါတယ်။

**"ကျနော်တို့ကတော့ ကျနော်တို့ မူဝါဒအတိုင်းပါပဲ။ ကျနော်တို့ အကြမ်းဖက်လို့ ကြေညာ ထားတဲ့သူတွေနဲ့ ကျနော်တို့ နိုင်ငံမှ မဟုတ်ဘူး ဘယ်နိုင်ငံမှ တွေ့ခွင့် ပေးတယ်လို့ မကြားဖူးဘူး။ တွေ့ခွင့်ပေးမှာလည်း မဟုတ်ဘူး။ တရားဥပဒေအရ တရားစွဲဆို ခံထားရတဲ့ သူတွေနဲ့ ကျနော်တို့ တွေ့ခွင့်ပေးမှာ မဟုတ်ပါဘူး။ ဒါ ကျနော်တို့ရဲ့ အရင်ကတည်းက ရပ်တည်တဲ့အတိုင်း ပြောင်းလဲသွားမှာ မဟုတ်ပါဘူး။ နိုင်ငံရေး ပါတီတွေနဲ့ ပတ်သက်လာရင် ပါတီကို ကိုယ်စားပြုတဲ့ သူတွေနဲ့ တွေ့ခွင့်ပေးဖို့ တောင်းလာတာ ဒါတွေကတော့ ကျနော်တို့ ဆောင်ရွက်ပေးသွားမှာ ဖြစ်တယ်"**

အာဆီယံ အထူးသံတမန်ရဲ့ ခရီးစဉ်အတွင်း ဘာတွေ ဆွေးနွေးမယ်ဆိုတာကို ကြိုပြောလို့ မရဘူးလို့လည်း ဗိုလ်ချုပ် ဇော်မင်းထွန်းက ဆိုပါတယ်။

ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်နဲ့ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့ ဇန်နဝါရီလ ၂၆ ရက် အွန်လိုင်းကနေ လုပ်တဲ့ ဆွေးနွေးပွဲမှာ အာဆီယံ အထူးသံကို အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ (NLD) ပါတီဝင်တွေနဲ့ တွေ့ခွင့်ပေးမယ်လို့ စစ်ကောင်စီဥက္ကဋ္ဌက ကတိ ပေးထားပါတယ်။

**"ဘုံသဘောတူညီချက်အရ အကောင်အထည်ဖော်မယ်ဆိုရင်တောင် NUG နဲ့ တွေ့ဆုံဖို့ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။"**

NLD ပါတီဝင်တွေကို တွေ့မယ်ဆိုရင် ဗဟိုအလုပ်အမှုဆောင် အစည်းအဝေးက တာဝန် ပေးတဲ့သူ ဒါမှမဟုတ် ပါတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်သာ ပါတီကို ကိုယ်စားပြုပြီး ပြောဆိုခွင့်ရှိတယ်လို့ NLD ပါတီရဲ့ ဗဟိုအလုပ်ကော်မတီဝင် ဦးကျော်ထွေးက RFA ကို ပြောပါတယ်။

**"တွေ့ခွင့်ပေးမယ်ဆိုတဲ့ကိစ္စကလည်း ဘယ်သူ့ကို ရည်ရွယ်ထားလဲတော့ မသိဘူး။ NLD အနေနဲ့ ပြောနိုင်တာကတော့ တကယ် NLD ကို ကိုယ်စားပြုပြီးတော့ တွေ့ခွင့် ပြောဆို ခွင့် ရှိတာတော့ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် ပဲရှိတယ်။ ဒါမှမဟုတ်ရင်လည်း ဗဟိုအလုပ်အမှုဆောင် စုံညီအစည်းဝေးကနေ တာဝန်ပေးအပ်ထားတဲ့ လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း ပေါ့နော် အဲလိုမျိုးမှ NLD နဲ့ တွေ့တယ်လို့ တရားဝင်ပြောလို့ ရမှာပါ။ NLD ပါတီဝင်အချို့ ဒါမှမဟုတ် တစ်ဦးတစ်ယောက်ကနေပြီးတော့ ပုဂ္ဂလိက သဘောမျိုးနဲ့ တွေ့တာမျိုးတွေ ရှိကောင်းရှိနိုင်ပါတယ်။ ဒါတွေက NLD ကို ကိုယ်စား ပြုပြီး တွေ့တယ်လို့ ပြောလို့မရဘူး။ NLD ကိုလည်း ကိုယ်စားမပြု ပါဘူး၊၊ "**

အာဆီယံအထူးကိုယ်စားလှယ်အနေနဲ့ မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီး ဘာတွေ တောင်းဆို နိုင်မလဲ၊ ဘာတွေလုပ်နိုင်မလဲ ဆိုတဲ့ပေါ် မူတည်ပြီး မြန်မာ့အရေးအတွက် သူဘယ်လောက် စွမ်းဆောင်နိုင်မလဲဆိုတာကိုလည်း မသိရသေးဘူးလို့ ဦးကျော်ထွေးက ဆိုပါတယ်။




(အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ၂၀၂၂ ဖေဖော်ဝါရီ ၁၇ ရက်နေ့က ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့မှာ ကျင်းပနေစဉ်) Photo: Reuters

ပရက်ဆော့ခွန်း မတိုင်ခင် ဘရူနိုင်းနိုင်ငံက အထူးကိုယ်စားလှယ်ဟောင်း Erywon Yusof လက်ထက်မှာတော့ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် သက်ဆိုင်သူတွေနဲ့ စစ်ကောင်စီက တွေ့ခွင့် မပေးတာကြောင့် မြန်မာနိုင်ငံကို လာခါနီးမှာပဲ သူ့ခရီးစဉ်ကို ရုတ်တရက် ဖျက်သိမ်း ခဲ့ဖူးပါတယ်။

လက်ရှိဖြစ်ပေါ်နေတဲ့ နိုင်ငံရေးပဋိပက္ခတွေဟာ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ခွင့်ရမှ ဖြေရှင်းနိုင်မှာဖြစ်ပေမယ့် လတ်တလောမှာတော့ စစ်ကောင်စီဘက်က တွေ့ခွင့်ပေးမှာ မဟုတ်သေးဘူးလို့ နိုင်ငံရေး လေ့လာသုံးသပ်သူ လွှတ်တော်အမတ်ဟောင်း ဦးရဲထွန်းက သုံးသပ်ပါတယ်။

**"အခုဖြစ်နေတဲ့ ပဋိပက္ခက ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ပြီးတော့ ဒေါ်အောင်ဆန်း စုကြည်နဲ့ နစကနဲ့ ဆွေးနွေးနိုင်မှသာ အဖြေတွေရမှသာ ဖြေရှင်း နိုင်လိမ့်မယ်လို့ ကျနော်တို့က ယုံကြည်ထားတာ။ ဒါပေမဲ့ နစက က ဒေါ်အောင်ဆန်းစုကြည်တို့ ဦးဝင်းမြင့်တို့ ဒေါက်တာဇော်မြင့်မောင်တို့ စတဲ့ အမှု ရင်ဆိုင်နေရတဲ့ ခေါင်းဆောင် တွေကတော့ တွေ့ခွင့်ပေးမှာ မဟုတ်ဘူး။ ကျန်တဲ့ EAO တို့ NLD အပါအဝင် နိုင်ငံရေးပါတီတို့ အဲဒါတွေကတော့ တွေ့ခွင့်ရလိမ့်မယ်လို့ ကျနော်ထင်တယ်"**

စစ်တပ်က အာဏာသိမ်းပြီး သုံးလနီးပါးအကြာ ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ် ဧပြီလထဲမှာ အာဆီယံ ထိပ်သီးခေါင်းဆောင်များ အစည်းအဝေး ကျင်းပပြီး အာဏာသိမ်းစစ်ကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ခွင့် ရခဲ့ပါတယ်။

အဲဒီအချိန်က ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နဲ့ အာဆီယံ ခေါင်းဆောင်တွေ အကြား မြန်မာ့အရေးနဲ့ ပတ်သက်လို့ ဘုံသဘောတူညီချက် ငါးရပ်ချမှတ်ခဲ့ပြီး၊ အဲဒီအထဲမှာ မြန်မာနိုင်ငံက ပြဿနာတွေ ဖြေရှင်းရေးအတွက် သက်ဆိုင်သူ အားလုံးနဲ့ တွေ့ရမယ်ဆိုတဲ့ အချက်ဟာ အဓိကအချက်အနေနဲ့ ပါဝင်ပါတယ်။

အဲဒီ သဘောတူညီချက် ငါးချက်စလုံးကို အပြည့်အဝ လိုက်နာဖို့ ပျက်ကွက် တာကြောင့် ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ် အောက်တိုဘာ ၁၅ ရက်ကစလို့ နောက်ပိုင်း အာဆီယံ အစည်းအဝေး တွေမှာ မြန်မာစစ်ကောင်စီဘက်က အဆင့်မြင့် ကိုယ်စားလှယ်တွေ တက်ရောက်ခွင့်ကို အာဆီယံအဖွဲ့ကြီးက ပိတ်ပင်ထားတာပါ။

အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ ဖြစ်ဖြစ်ချင်း အခုနှစ် ဇန်နဝါရီလဆန်းမှာ နေပြည်တော်ကို ရောက်လာခဲ့တဲ့ ကမ္ဘောဒီးယား ဝန်ကြီးချုပ်ဟွန်ဆန် ကတော့ အာဏာသိမ်း စစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နဲ့ တွေ့ဆုံခဲ့တဲ့ သူ့ခရီးစဉ်ဟာ ဘာတိုးတက်မှုမှ မရှိကြောင်း ဖေဖော်ဝါရီ လ ၁၆ ရက် ကမ္ဘောဒီးယားနိုင်ငံက တံတားဖွင့်ပွဲတစ်ခုမှာ ထုတ်ပြောသွားကြောင်း RFA ခမာဌာနက သတင်းဖော်ပြ ထားပါတယ်။

မြန်မာနိုင်ငံရဲ့ အခြေအနေဟာ အာဆီယံဥက္ကဋ္ဌဖြစ်တဲ့ သူ့အနေနဲ့ တစ်ခုခု လုပ်သည့်ဖြစ်စေ၊ ဘာမှ မလုပ်သည့်ဖြစ်စေ ဘာမှထူးမလာနိုင်တဲ့ အခြေအနေမျိုးဖြစ်တယ်လို့ ဝန်ကြီးချုပ် ဟွန်ဆန်က ပြောပါတယ်။

ဒါကြောင့် မတ်လထဲမှာ လာရောက်ဖို့စီစဉ်ထားတဲ့ အာဆီယံ အထူးသံတမန်သစ် ကမ္ဘောဒီးယား နိုင်ငံခြားရေးဝန်ကြီး ပရက်ဆော့ခွန်းရဲ့ ခရီးစဉ်ဟာ လက်ရှိ မြန်မာနိုင်ငံက ပဋိပက္ခတွေအတွက် ဘယ်လောက် အကျိုးရှိမလဲဆိုတာကိုတော့ ပြည်တွင်းရော ပြည်ပမှာပါ စိတ်ဝင်တစား စောင့်ကြည့်နေကြပါတယ်။

https://www.rfa.org/burmese/news/asean-agreement-for-non-violent-military-council-02182022074416.html

---------------------------------------------------------------------------------------------------

## အာဆီယံဘုံသဘောတူညီချက် ငါးခုအနက် မြန်မာနိုင်ငံအတွက် အရေးအကြီးဆုံးဖြစ်သော တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးကို အကောင်အထည်ဖော်နေဟု ဗိုလ်ချုပ်ဇော်မင်းထွန်း ပြောကြား

Published 18 February 2022

အာဆီယံဘုံသဘောတူညီချက် ငါးခု အနက် မြန်မာနိုင်ငံအတွက် အရေးအကြီးဆုံး လိုအပ်ချက်ဖြစ်သော တည်ငြိမ်ရေးနှင့် ငြိမ်း ချမ်းရေးကို အကောင်အထည်ဖော်နေသည် ဟု လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်နှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်မင်းထွန်းက ဖေဖော်ဝါရီ ၁၈ ရက်တွင် ပြောကြားသည်။

"အာဆီယံရဲ့ ဘုံသဘောတူညီချက် ငါးခု ထဲမှာ မြန်မာနိုင်ငံအတွက် လတ်တလော အရေးကြီးဆုံးလိုအပ်ချက်ဖြစ်တဲ့ တည်ငြိမ်ရေး၊ ငြိမ်းချမ်းရေးကို ကျွန်တော်တို့ အကောင် အထည်ဖော်နေတာပဲဖြစ်တယ်။ ဒီလိုအကောင်အထည်ဖော်တာတွေကို မရှိဘူးလို့ စွပ်စွဲတဲ့ နိုင်ငံတွေကိုလည်း ကျွန်တော်တို့ အံ့သြပါတယ်" ဟု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ပြောကြားသည်။

တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ ယခင်က မြန်မာ့ငြိမ်းချမ်းရေးသမိုင်းတွင် မရှိခဲ့ဘူးသော လိုက်လျောမှုနှင့် ဆွေးနွေးနိုင်မှု နှစ်ခုကို လုပ်ဆောင်ခဲ့သည်ဟု ၎င်းက ဆိုသည်။

တပ်မတော်အနေဖြင့် ၂၀၁၈ ခုနှစ် ဒီဇင် ဘာမှ ၂၀၂၂ ခုနှစ် နှစ်အကုန်အထိ လေးနှစ် ကျော် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ကြေညာထားပြီး လက်တွေ့အလုပ်ဖြစ်၊ မဖြစ် အားလုံး မြင်သည့်အတိုင်းပင်ဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ငြိမ်းချမ်းရေးဆွေးနွေးခြင်းနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ကြိုတင်ကန့်သတ်ချက်များ မထားရှိသော ငြိမ်းချမ်းရေးဆွေးနွေးရန် စိန်ရတု ပြည်ထောင်စုနေ့သို့ တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့အစည်းအားလုံးကို ဖိတ်ခေါ်ခဲ့ကြောင်း လည်း ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါဖိတ်ခေါ်မှုကြောင့် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားသို့ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခုနစ်ဖွဲ့နှင့် လက်မှတ်မရေးထိုးရသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ လေးဖွဲ့ တက်ရောက်ခဲ့ပြီး ပွင့်ပွင့်လင်းလင်း ဆွေးနွေးမှုများပြုလုပ်နိုင်ခဲ့ကြောင်း ဗိုလ်ချုပ်ဇော်မင်းထွန်းက ပြောကြားသည်။

"မြန်မာ့သမိုင်းစဉ်တစ်လျှောက်မှာပဲ ဖြစ်ဖြစ်၊ ကမ္ဘာ့ငြိမ်းချမ်းရေး သမိုင်းစဉ်တစ် လျှောက်လုံးမှာပဲဖြစ်ဖြစ် ဒီလို ကြိုတင်ကန့် သတ်ချက်မထားဘဲ ဆွေးနွေးတာမျိုးတို့၊ တစ်ဖက်သတ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲတာမျိုး ဆိုတာ တကယ့်ကို ရတောင့်ရခဲ ရှားရှားပါးပါး ဖြစ်စဉ်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတော်ဝန်ကြီးချုပ်ကလည်း ဒါနဲ့ ပတ်သက်ပြီး အကျိုးရှိရှိ ထိထိမိမိ အသုံးချကြဖို့ ပြည်ထောင်စုနေ့မှာ တိုက်တွန်းပြောကြားခဲ့တာလည်း တွေ့နိုင်မှာဖြစ်ပါတယ်" ဟု ဗိုလ်ချုပ် ဇော်မင်းထွန်းက ပြောကြားသည်။

ငြိမ်းချမ်းရေးဖြစ်စဉ်နှင့်ပတ်သက်၍ ငြိမ်းချမ်းရေးတံခါး ဖွင့်လှစ်ပေးထားကြောင်း၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ မတက်ရောက် သေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကိုလည်း ညှိနှိုင်းဆွေးနွေးရန် ဖိတ်ခေါ် ကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ရာတွင် ဒီမိုကရေစီ ကျင့်စဉ်အတိုင်း စေ့စပ်ညှိနှိုင်းဆွေးနွေး အဖြေ ရှာခြင်းဆိုသည့် လမ်းစဉ်အတိုင်း သွားရမည် ဖြစ်ကြောင်း ဗိုလ်ချုပ်ဇော်မင်းထွန်းက ပြောကြားသည်။

https://news-eleven.com/article/225975

------------------------------------------------------------------------------------------

## အမျိုးသား ပြန်လည်ရင်ကြားစေ့ရေး၌ ယုံကြည်မှုနှင့် ရိုးသားမှုကို စစ်ကောင်စီ ပြသရမည်ဟု စင်ကာပူ ပြော

By The Straits Times | 18 February 2022



အမျိုးသား ပြန်လည်ရင်ကြားစေ့ရေးနှင့် ဆွေးနွေးညှိနှိုင်းမှုများ ဖော်ဆောင်ရာတွင် မြန်မာစစ်ကောင်စီအနေဖြင့် ယုံကြည်မှုနှင့် ရိုးသားမှုကို ပြသရမည်ဟု စင်ကာပူနိုင်ငံခြားရေးဝန်ကြီး ဗီဗီယန် ဘာလာခရစ်ရှန်းက ဖေဖော်ဝါရီ ၁၇ ရက်တွင် ပြောသည်။

အာဆီယံ အထူးကိုယ်စားလှယ်ကို စစ်ကောင်စီက ခွင့်ပြုပေးသော အတိုင်းအတာကို မူတည်၍ ၎င်းတို့၏ ယုံကြည်မှုနှင့် ရိုးသားမှုကို အကဲဖြတ်ရလိမ့်မည်ဟုလည်း ၎င်းက ပြောသည်။

"အထူးကိုယ်စားလှယ်ဟာ အဓိကပုဂ္ဂိုလ်တွေနဲ့ တွေ့ခွင့်မရဘူး ဆိုရင်တော့ သူ့ရဲ့ အခန်းကဏ္ဍကို ဆိုးဆိုးဝါးဝါး လျှော့ချခံရတာပဲ ဖြစ်ပြီး ပြဿနာ ဖြေရှင်းရေးဟာ အမှန်တကယ် ပိုခက်ခဲလိမ့်မှာ ဖြစ်တယ်"ဟု ဖနွမ်းပင်တွင် ကျင်းပသော အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ လူကိုယ်တိုင်တက်ရောက်ပြီးနောက် အွန်လိုင်းမှ အင်တာဗျူးတစ်ရပ်တွင် ဒေါက်တာ ဘာလာခရစ်ရှန်းက ပြောခြင်း ဖြစ်သည်။

ရင်ကြားစေ့ရေးနှင့် ဆွေးနွေးပွဲများ ဖော်ဆောင်ရေးမှာ စစ်ကောင်စီမှာပင် နောက်ဆုံး တာဝန်ရှိလိမ့်မည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

"အကြံပေးပါလို့ ခင်ဗျားတို့က ကျွန်တော့်ကို တိုက်တွန်းတယ်ဆိုရင်တော့ ကျွန်တော့်အနေနဲ့ ဒေါ်အောင်ဆန်းစုကြည် မပါဘဲ ဘယ်လို ပြဿနာကိုမှ မှန်မှန်ကန်ကန် ဖြေရှင်းနိုင်လိမ့်မယ်လို့ တွေးတောလို့ကို မရဘူး၊ ဒါဟာ ကျွန်တော့် ရပ်တည်ချက်တော့မဟုတ်ပါ၊ တောင်းဆိုတာလည်း မဟုတ်ဘူး"ဟု ၎င်းက ဆိုသည်။

အာဆီယံ အုပ်စု လက်ရှိ ဥက္ကဋ္ဌမှာ ကမ္ဘောဒီးယား ဖြစ်ခြင်းကြောင့် ကမ္ဘောဒီးယား နိုင်ငံခြားရေးဝန်ကြီးနှင့် လက်ထောက်ဝန်ကြီးချုပ်ဖြစ်သူ ပရာ့ ဆော့ခွန်းသည် လက်ရှိ မြန်မာဆိုင်ရာ အာဆီယံ အထူးကိုယ်စားလှယ် ဖြစ်သည်။

မြန်မာနိုင်ငံသို့ သွားရောက်ရန် ကြိုးစားနေကြောင်းနှင့် 'အကြမ်းဖက်များ' အဖြစ် တံဆိပ်အကပ်ခံရသော NUG အဝေးရောက်အစိုးရ အဖွဲ့ဝင်များနှင့် တွေ့ဆုံပြောဆိုခွင့်ကို ခွင့်ပြုပေးရေးအတွက် စစ်ကောင်စီကို

မေတ္တာရပ်ခံထားကြောင်း ပရတ် ဆော့ခွန်းက အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ နှစ်ရက်တာ အစည်းအဝေး၌ ပြောခဲ့ကြောင်း ရိုက်တာသတင်းက ဖော်ပြသည်။

ဖြုတ်ချခံ မြန်မာအစိုးရ အဖွဲ့ဝင်များနှင့် စစ်တပ်ဆန့်ကျင်သူများ ပါဝင်သည့် NUG နှင့် တွေ့ဆုံဆွေးနွေးခွင့်သည် စစ်ကောင်စီ၏ ကန့်ကွက်နေခြင်းကြောင့် ရှုပ်ထွေးခက်ခဲနေကြောင်း ၎င်းက ပြောခဲ့သည်.

မြန်မာနိုင်ငံတွင် ပြီးခဲ့သည့်နှစ် ဖေဖော်ဝါရီ ၁ ရက်၌ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော ရွေးကောက်ခံအစိုးရကို ဖြုတ်ချပြီး စစ်တပ်က အာဏာသိမ်းလိုက်ချိန်မှစကာ ဝရုန်းသုန်းကား အခြေအနေ ဆိုက်နေသည်။

https://www.mizzimaburmese.com/article/99757

-----------------------------------------------------------------------------------------------

## အိုင်စီဂျေမှာတရားရင်ဆိုင်ဖို့ စစ်ကောင်စီ ကိုယ်စားလှယ်အဖွဲ့ သည်ဟိဂ်ကို ထွက်ခွာ

၁၈ ဖေဖော်ဝါရီ ၂၀၂၂



ဓာတ်ပုံ ရင်းမြစ်, Getty Images

**မြန်မာနိုင်ငံအပေါ် ဂမ်ဘီယာနိုင်ငံက အပြည်ပြည်ဆိုင်ရာ တရားရုံးမှာ စွဲဆိုထားတဲ့အမှုကို ရင်ဆိုင်ဖို့ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ဦးကိုကိုလှိုင်နဲ့ ဥပဒေရေးရာဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာသိတာဦးတို့ ဦးဆောင်တဲ့ စစ်ကောင်စီရဲ့ ကိုယ်စားလှယ်အဖွဲ့ နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့ကို ဖေဖော်ဝါရီ ၁၈ ရက်မှာ ထွက်ခွာသွားပြီလို့စစ်ကောင်စီက သတင်းထုတ်ပြန်ပါတယ်။**



ဓာတ်ပုံ ရင်းမြစ်, MRTV

ဒီအမှုကို ၂၀၁၉ ခုနှစ်က သည်ဟိဂ် အထိ သွားရင်ဆိုင်ခဲ့တဲ့ ဒေါ်အောင်ဆန်းစုကြည်ကို အကျဉ်းချထားပြီး ဦးကိုကိုလှိုင်နဲ့ ဒေါက်တာသိတာဦးတို့ ဦးဆောင်တဲ့ ၁၅ ဦးပါ ကိုယ်စားလှယ်အဖွဲ့ကို စေလွှတ်ခဲ့တာပါ။

ဒါပေမဲ့ ဦးကိုကိုလှိုင်နဲ့ ဒေါက်တာသိတာဦးတို့ ၂ ဦးစလုံးကို အမေရိကန်က ပိတ်ဆို့ အရေးယူထားပါတယ်။



ဓာတ်ပုံ ရင်းမြစ်, MRTV

ရိုဟင်ဂျာတွေအပေါ် လူမျိုးတုံး သတ်ဖြတ်မှုတွေ ကျူးလွန်ခဲ့တယ်ဆိုပြီး စွဲဆိုထားတဲ့ ဒီအမှုကို နိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်နဲ့ အဖွဲ့ကတော့ နေပြည်တော်ကနေ အွန်လိုင်းကတစ်ဆင့် ကြားနာမှာ ဖြစ်ပါတယ်။

ဒီလို တက်ရောက်ခွင့် ရရင် စစ်ကောင်စီကို နိုင်ငံတကာ အသိအမှတ်ပြုမှု ရရှိသွားနိုင်မယ်ဆိုပြီး တက်ရောက်ခွင့် မပြုဖို့ နိုင်ငံရေး အတိုက်အခံတွေ ဘက်က ကန့်ကွက်ထားကြတဲ့ ကြားကနေ အခုလို ဖြစ်လာတာ ဖြစ်ပါတယ်။

"နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကိုယ်စား ရင်ဆိုင်မယ့် Agent နဲ့ Alternate Agent ကို လက်ခံတယ်လို့ အိုင်စီဂျေက အကြောင်းကြားလာလို့ ထွက်ခွာတာပါ" လို့ စစ်ကောင်စီသတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ပြောပါတယ်။

မြန်မာနိုင်ငံဘက်က ရှေ့နေလိုက်ပေးခဲ့တဲ့ ဝီလီယံရှေးဘတ် နုတ်ထွက်သွားခဲ့ပြီးတဲ့နောက် ရှေ့နေအသစ်တွေ ထပ်ငှားထားတယ်လို့ ဗိုလ်ချုပ်ဇော်မင်းထွန်းက ပြောပါတယ်။

စစ်ကောင်စီရဲ့ ကိုယ်စားလှယ်တွေ တက်ရောက်ဖို့ ကုလသမဂ္ဂအဖွဲ့အစည်းတချို့က ဖိတ်ခဲ့တယ်လို့ ဆိုပေမဲ့ စစ်ကောင်စီဟာ ကုလသမဂ္ဂရုံးချုပ် နယူးယောက်မှာတော့ တရားဝင်ကိုယ်စားပြုခွင့် မရရှိထားပါဘူး။

ကုလသမဂ္ဂ အထွေထွေ ညီလာခံရဲ့ အရည်အချင်းစစ်ကော်မတီက ပြီးခဲ့တဲ့ ဒီဇင်ဘာလအတွင်းက မြန်မာနိုင်ငံကို ဘယ်သူက ကိုယ်စားပြုမလဲ ဆိုတာနဲ့ ပတ်သက်လို့ ဆုံးဖြတ်မယ့် ကိစ္စကို ရက်ရွှေ့ဆိုင်းထားခဲ့ပါတယ်။

အဲဒီကြားထဲမှာ အာဏာသိမ်းခံခဲ့ရတဲ့ အရပ်သား အစိုးရလက်ထက်က ခန့်ထားခဲ့ပြီး စစ်ကောင်စီကို ဆန့်ကျင်တဲ့ လက်ရှိ မြန်မာရဲ့ ကုလသမဂ္ဂဆိုင်ရာ သံအမတ်ကြီး ဦးကျော်မိုးထွန်းကိုပဲ ကိုယ်စားလှယ် အဖြစ် ဆက်လက် သတ်မှတ်ထားခဲ့ပါတယ်။

အမျိုးသား ညီညွတ်ရေး အစိုးရဘက်ကလည်း မြန်မာနိုင်ငံရဲ့ ကိုယ်စားလှယ်အဖြစ် အသိအမှတ်ပြု ခံထားရသူဟာ ဦးကျော်မိုးထွန်းသာ ဖြစ်တာကြောင့် အခုကိစ္စမှာလည်း ဦးကျော်မိုးထွန်းသာလျှင် မြန်မာနိုင်ငံကို ကိုယ်စားပြု တက်ရောက်သင့်တယ်လို့ ပြောထားပါတယ်။

အိုင်စီဂျေဘက်ကတော့ အန်ယူဂျီဘက်ကို အခုထိ တုံ့ပြန်တာ မရှိသေးပါဘူး။

အရင်ကုလသမဂ္ဂရဲ့ အချက်အလက် ရှာဖွေရေး ကော်မရှင် အဖွဲ့ဝင် နဲ့ လူ့အခွင့်အရေး ရှေ့နေတယောက် ဖြစ်တဲ့ Christopher Sidoti က စစ်ကောင်စီဟာ မြန်မာနိုင်ငံရဲ့ အစိုးရ မဟုတ်ဘူး၊ မြန်မာပြည်တွင်းမှာရော ပြည်ပမှာပါ မြန်မာပြည်ရဲ့ အစိုးရအဖြစ် ကိုယ်စားပြုနိုင်တဲ့ အခြေအနေမျိုး မရှိဘူးလို့ ပြောပါတယ်။




ဓာတ်ပုံ ပုံစာ, စစ်ကောင်စီ နိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်နဲ့အဖွဲ့က နေပြည်တော်ကနေ အွန်လိုင်းက ကြားနာမယ် ဓာတ်ပုံ ရင်းမြစ်, MOFA

ဒါပေမယ့် ICJ ကြားနာမှုကို တက်ခွင့်ရရင် မြန်မာကိုယ်စားပြု အစိုးရသဖွယ်ဖြစ်အောင် လုပ်ပြဖို့ ကြိုးစားမှာပဲ လို့ Sidotiက ရိုက်တာ သတင်းဌာနကို ပြောပါတယ်။

ဒီလို အစိုးရအဖြစ် အသိအမှတ်ပြုခံရဖို့ အပြိုင်အဆိုင် ကြိုးစားနေကြတဲ့ နိုင်ငံတနိုင်ငံအတွက် ကိုယ်စားပြုခွင့် ဆိုတာကို ဘယ်လို ဆုံးဖြတ်သလဲကိစ္စနဲ့ ပတ်သက်လို့ ICJကို ရိုက်တာက မေးမြန်းခဲ့ရာမှာတော့ သူတို့ရဲ့ စည်းမျဉ်းစည်းကမ်းတွေကိုသာ ရည်ညွှန်းပြောကြားခဲ့ပါတယ်။

အဲဒီစည်းမျဉ်းစည်းကမ်းတွေအရ ကိုယ်စားလှယ်ကိစ္စအတွက် ဆက်သွယ်မှုတွေဟာ နိုင်ငံတစ်ခုရဲ့ နိုင်ငံခြားရေး ဝန်ကြီးဌာန သို့မဟုတ် သံရုံးတွေက ဖြစ်ရမယ်လို့ ဆိုထားပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၇ အတွင်း ရခိုင်ပြည်နယ်မှာ ဖြစ်ခဲ့တဲ့ စစ်တပ်ရဲ့ နယ်မြေရှင်းလင်းမှုတွေ အတွင်းမှာ ရိုဟင်ဂျာ ၇၃၀,၀၀၀ ကျော်ဟာ မြန်မာနိုင်ငံအတွင်းက ဘင်္ဂလားဒေ့ရှ်ဘက်ကို ထွက်ပြေးခဲ့ကြရပြီး အဲဒီက ဒုက္ခသည် စခန်းတွေမှာ နေထိုင်နေကြရပါတယ်။

ကုလသမဂ္ဂရဲ့ စုံစမ်းစစ်ဆေးသူတွေက မြန်မာ စစ်တပ်ဟာ လူမျိုးတုံး သတ်ဖြတ်မှု မြောက်တဲ့ ရည်ရွယ်ချက်နဲ့ နယ်မြေရှင်းလင်းမှုတွေ လုပ်ဆောင်ခဲ့တယ်လို့ ဆိုကြပါတယ်။ အဲဒီကိစ္စနဲ့ ပတ်သက်လို့ အစ္စလာမ်မစ်နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ရဲ့ အထောက်အပံ့နဲ့ ဂမ်ဘီယာက မြန်မာနိုင်ငံအပေါ်မှာ လူမျိုးတုံး သတ်ဖြတ်မှုတွေ လုပ်ခဲ့တယ်လို့ စွပ်စွဲပြီး အပြည်ပြည်ဆိုင်ရာ တရားရုံးမှာ တိုင်ကြားခဲ့တာ ဖြစ်ပါတယ်။

https://www.bbc.com/burmese/burma-60432271

-------------------------------------------------------------------------------------------

## ရှုထောင့် ၃ခုနှင့် (၇၅)နှစ်ပြည့် ပင်လုံစာချုပ်

**မောင်ကျော်စွာ (၂၀၂၂ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ရက်)**




Photo: Internet

ဒီတစ်ပတ်အတွက် တင်ပြမယ့် ဆောင်းပါးရဲ့ အကြောင်းအရာကတော့ "သမိုင်းဝင်ပင်လုံစာချုပ်" ကိစ္စပဲ ဖြစ်ပါ တယ်။ ဒီနှစ် (၂၀၂၂ခုနှစ်၊ ဖေဖော်ဝါရီလ)ဟာ ပင်လုံစာချုပ် ချုပ်ဆိုခဲ့တာ (၇၅)နှစ်တိတိ ပြည့်မြောက်တဲ့နှစ် ဖြစ်ပါ တယ်။

အမျိုးသားညီညွတ်ရေးအစိုးရ (NUG)ကလည်း ပင်လုံစာချုပ် ချုပ်ဆိုခြင်း (၇၅)နှစ်ပြည့်ကို အထိမ်းအမှတ်ပြုခဲ့သလို အာဏာသိမ်း အကြမ်းဖက်(စကစ) စစ်အုပ်စုကလည်း "စိန်ရတုပြည်ထောင်စုနေ့" ဆိုပြီး ပြုလုပ်ခဲ့ပါတယ်။ ဒီအ ချက်တွေက ဘာကိုပြဆိုနေသလဲဆိုတော့ "ပင်လုံစာချုပ်"ကို (က)ဘက်နှစ်ဖက်စလုံးက မပစ်ပယ်ကြသေးဘူး ဆိုတဲ့ အချက်၊ (ခ)ဘက်နှစ်ဖက်စလုံးက မိမိဆန္ဒ၊ သဘောထား၊ ရည်ရွယ်ချက်ကိုယ်စီနဲ့ ပင်လုံစာချုပ်ကို အထိမ်းအမှတ်ပြုခဲ့ ကြတယ်ဆိုတာကို တွေ့မြင်ကြရပါတယ်။

(၇၅)နှစ်ပြည့်မြောက်ခဲ့တဲ့ သမိုင်းဝင် ပင်လုံစာချုပ်ကို ကျနော့်အနေနဲ့ ရှုထောင့် ၃ခုကနေ လေ့လာကြည့်ချင်ပါတယ်။ ပထမရှုထောင့်က သမိုင်းအချက်အလက်ဆိုတဲ့ ရှုထောင့်ဖြစ်ပါတယ်။ ဒုတိယရှုထောင့်က (၇၅)နှစ်တာ ဖြတ် သန်းလာတဲ့ သမိုင်းလမ်းကြောင်းရှုထောင့်ဖြစ်ပြီး တတိယရှုထောင့်ကတော့ မျက်မှောက်ခေတ်ကာလ ရှုထောင့်ပဲ ဖြစ် ပါတယ်။ အဲဒီလို ရှုထောင့် ၃ခုနဲ့ အပြန်အလှန် ပေါင်းစပ်လေ့လာကြည့်ရှုနိုင်မှသာ ပင်လုံစာချုပ်ကို မှန်မှန်ကန်ကန် နားလည်နိုင်လိမ့်မယ်လို့ ယူဆပါတယ်။

တချို့က မျက်မှောက်ခေတ်ကာလ ပြဿနာတွေကို ပင်လုံစာချုပ်အတိုင်း ဖြေရှင်းရမယ်လို့ ပြောနေကြတာရှိသလို တချို့ကလည်း ပင်လုံစာချုပ်ဟာ မျက်မှောက်ကာလနဲ့ မကိုက်ညီတော့ဘူး၊ လူမျိုးစုအားလုံး ပါဝင်မှုမရှိဘူးဆိုပြီး တစ်ဖက်သတ် အမှန်တရားကိုယ်စီနဲ့ ပြောနေဆိုနေကြပါတယ်။ တချို့ကလည်း "ပင်လုံစာချုပ်၊ ပင်လုံကတိကဝတ်၊ ပင်လုံစိတ်ဓာတ်၊ ပင်လုံအနှစ်သာရ၊ ပင်လုံသဘောတူညီချက်" ဆိုတာတွေကို ကိုယ့်ရှုထောင့်နဲ့ကိုယ် အဓိပ္ပာယ်ဖွင့်ဆို နေကြပါတယ်။

သမိုင်းအချက်အလက်ဆိုတဲ့ ရှုထောင့်ကနေကြည့်ရင် ပင်လုံစာချုပ်ဟာ သူ့ခေတ်ကသူ့ကာလက အခြေအနေတွေကို အခိုင်အမာ ထင်ဟပ်ထားပါတယ်။ ထိုခေတ်ကာလ လက်တွေ့အခြေအနေအပေါ်မှာ ထိုခေတ်ကာလက ခေါင်း ဆောင်တွေ တန်းတူဆွေးနွေးညှိနှိုင်းပြီး သဘောတူချုပ်ဆိုခဲ့ကြတဲ့ စာချုပ်တစ်ခုလည်းဖြစ်ပါတယ်။ နယ်ချဲ့ဆန့်ကျင် ရေးနဲ့ လွတ်လပ်ရေး ကြိုးပမ်းမှုအတွက် အင်မတန် အရေးပါတဲ့ စာချုပ်တစ်ခုလည်းဖြစ်ပါတယ်။

ဒီလိုအချက်အလက်တွေ အခိုင်အမာ တည်ရှိနေတာကြောင့် ဒီနေ့ မျက်မှောက်ခေတ်ကာလမှာလည်း ပင်လုံစာချုပ်အတိုင်း အတိအကျ လုပ်ဆောင်ရမယ်လို့ ပြောဆိုတာမျိုးကလည်း မဆီလျော်ပါဘူး။ ဒါ့အပြင် ပင်လုံစာချုပ်ပါ သဘောတူညီချက်တွေကို (၇၅)နှစ်တာ ဖြတ်သန်းလာတဲ့ သမိုင်းခေတ်ကာလတစ်လျှောက်

ဘယ်အုပ်စိုးသူကမှ တိတိ ကျကျ၊ ပြည့်ပြည့်ဝဝ လက်တွေ့အကောင်အထည် မဖော်ခဲ့ကြဘူး။ ဒါကြောင့် ပင်လုံစာချုပ်ဆိုတာ ဗမာတွေက တိုင်း ရင်းသားလူမျိုးစုတွေကို လိမ်ညာထားတဲ့ စာချုပ်တစ်ခုပဲ ဖြစ်တယ်လို့ ကောက်ချက်ချ ပြောဆိုတာမျိုးကလည်း အင်မ တန် ကျဉ်းမြောင်းလွန်းပါတယ်။ တချို့ကလည်း မျက်မှောက်ခေတ်ကာလ ရှုထောင့်တစ်ခုထဲကနေပဲ ကြည့်မြင်ပြီး ဒီနေ့ ကာလမှာ ပင်လုံစာချုပ်ဟာ ခေတ်မမီတော့ဘူး။ အားလုံးကို မလွှမ်းခြုံနိုင်တော့ဘူးလို့ ပြောဆိုနေတာမျိုးကလည်း တစ် ဖက်သတ် ကျလွန်းပါတယ်။ တချို့ကလည်း ပင်လုံကတိကဝတ်အတိုင်း ဒီနေ့ကာလမှာ အပြည့်အဝ အကောင်အထည် မဖော်ဘူးဆိုရင် ဗိုလ်ချုပ်အောင်ဆန်းဟာ “လူလိမ်” ဖြစ်သွားလိမ့်မယ်ဆိုတဲ့ ကလေးဆန်တဲ့ အပြောအဆိုမျိုးလည်း ကြားရပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းဟာ ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးတဲ့ ထိုစဉ်က ဘုရင်ခံအမှုဆောင်ကောင်စီ ဒုတိယ သဘာပတိ ဖြစ်ပါတယ်။ ၁၉၃၅ခုနှစ်၊ ဥပဒေအရ ဗမာအစိုးရ (ဝါ) ပြည်မဆိုတာကို ကိုယ်စားပြုတာလည်း သမိုင်းအ ချက်အလက်အရ အမှန်ပါပဲ။ ဒါပေမယ့် လွတ်လပ်ရေးရဖို့ လပိုင်းလောက်အလိုမှာ နယ်ချဲ့သမားရဲ့ လက်ချက်နဲ့ ရေတိမ် နစ်ခဲ့ရတာပါ။ ဒါကြောင့် ပင်လုံစာချုပ်ပါ သဘောတူညီချက်တွေ၊ ပင်လုံစာချုပ်မချုပ်ဆိုမီ တိုင်းရင်းသားလူမျိုးစုတွေနဲ့ ဆွေးနွေးပြောဆိုရင်း ပေးခဲ့တဲ့ ကတိကဝတ်တွေကို သူကိုယ်တိုင်လက်တွေ့ အကောင်အထည်ဖော် မသွားနိုင်ခဲ့ပါဘူး။ ဒီတော့ လွတ်လပ်ရေး မရမီ ကွယ်လွန်သွားရှာတဲ့သူ့ကို လွတ်လပ်ရေးရရှိပြီးနောက် အာဏာရလာတဲ့ အုပ်စိုးသူအဆက် ဆက်က လက်တွေ့အကောင်အထည်မဖော်ကြတဲ့ ကိစ္စတွေအတွက် ဗိုလ်ချုပ်အောင်ဆန်းမှာ တာဝန်ရှိပါတယ်လို့ဆိုပြီး လက်ညှိုးထိုး အပြစ်တင်နေကြတာဟာ ကလေးဆန်ပြီး ရယ်စရာ ကောင်းမနေဘူးလား။

ဒ့ါအပြင် “ပြည်ထောင်စုစစ်စစ်” လက်တွေ့အကောင်အထည် မဖော်ခဲ့တာတွေနဲ့ပတ်သက်ပြီး မူမဲ့တဲ့ ခံစား ချက်သက်သက်နဲ့ “တောင်းပန်ပါတယ်/ရှက်မိပါတယ်” ဆိုပြီး ပြောဆိုနေတာမျိုးတွေကလည်း သိပ်တော့ အဓိပ္ပာယ်မရှိ လှပါဘူး။ ခါတော်မီ နိုင်ငံရေး မျက်နှာချိုသွေးမှုတစ်မျိုးပဲ ဖြစ်ပါလိမ့်မယ်။ အုပ်စိုးသူအဆက်ဆက်ဖြစ်တဲ့ (ဖဆပလ)၊ (ပထစ)၊ (တော်လှန်ရေးကောင်စီ) (မဆလ) (နဝတ/နအဖ) (စကစ)တို့ လုပ်ဆောင်ခဲ့တာမှန်သမျှကို အဲဒီလို တောင်း ပန်နေတဲ့သူတွေက ကိုယ်စားပြု တာဝန်ယူနိုင်လို့လား။ တန်းတူရေးတို့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ ဆိုတာ အခြားတစ်ဖက် က အသိအမှတ်ပြုမှ၊ အခြားတစ်ဖက်က အကောင်အထည်ဖော်ပေးမှ ရနိုင်တာ၊ ဖြစ်နိုင်တာ မဟုတ်ပါဘူး။ ကိုယ်ပိုင် စွမ်းအားနဲ့ လုံးပမ်းယူရမယ့်အရာပါ။ လက်ဖြန့်ပြီး အသနားခံ တောင်းယူရမယ့်အရာတွေ မဟုတ်ပါဘူး။

ဒါကြောင့် အဲဒီလိုပြောဆိုနေတာတွေဟာ (၇၅)နှစ်တာ ဖြတ်သန်းလာတဲ့ သမိုင်းလမ်းကြောင်းပေါ်က အခိုင်အ မာ အချက်အလက်တွေကို မျက်ကွယ်ပြုပြီး ဆန္ဒစွဲအမျိုးမျိုးနဲ့ လိုရာဆွဲ ပြောနေတာမျိုးတွေပဲ ဖြစ်နေပါတယ်။



Photo: Internet

တကယ့်ပြဿနာက ၁၉၄၈ခုနှစ်ကနေ ဒီနေ့ကာလအထိ (၇၅)နှစ်တာ ဖြတ်သန်းလာတဲ့ သမိုင်းလမ်းကြောင်း ပေါ်မှာ အုပ်စိုးသူအဆက်ဆက်က အပြည့်အဝ အကောင်အထည်မဖော်ခဲ့တာကို လက်ညှိုးထိုးပြနေသလို တစ်ပြိုင်နက် ထဲမှာလည်း အဲဒီလို ပျက်ကွက်ခဲ့တဲ့ အုပ်စိုးသူအဆက်ဆက်ကို ပြတ်ပြတ်သားသား တော်လှန်ဖြုတ်မချနိုင်ခဲ့တာက လည်း ကျနော်တို့ဘက်က လိုအပ်နေတဲ့ တာဝန်ရှိမှုပဲ မဟုတ်ပါလား။

(၇၅)နှစ်တာကာလထဲမှာ အထင်အရှား သိမြင်လာစေတဲ့အချက်ကတော့ အုပ်စိုးသူအဆက်ဆက်ထံမှာ တန်း တူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိတဲ့ ပြည်ထောင်စုကိုတောင်းယူလို့ မရနိုင်ဘူး။ ညှိယူလို့ မရနိုင်ဘူး။ ၎င်းတို့ ကို အကုန်အစင် တော်လှန်ဖြုတ်ချပြီး မိမိတို့အချင်းချင်းအကြားမှာ တန်းတူရည်တူ အကျေအလည်ညှိနှိုင်းပြီး အကောင်အထည်ဖော်ကြရမယ် ဆိုတဲ့အချက်ပါပဲ။

အဲဒီလိုအကြောင်းအချက်တွေ အခြေအနေတွေကြောင့် “ပင်လုံစာချုပ်”ကို အထက်မှာတင်ပြခဲ့သလို ရှုထောင့် ၃ခုနဲ့ အပြန်အလှန်ပေါင်းစပ်ပြီး လေ့လာကြည့်မြင်နိုင်မှသာ ပင်လုံစာချုပ်ကို

ကြည်ကြည်လင်လင်မြင်နိုင်ပါလိမ့်မယ်။ မပြည့်ဝသေးတဲ့ သို့မဟုတ် မပြည့်စုံသေးတဲ့ (ပင်လုံအနှစ်သာရ၊ ပင်လုံစိတ်ဓာတ်လို့ဆိုဆို၊ ပင်လုံကတိကဝတ်လို့ပဲ ပြောပြော) ပင်လုံစာချုပ်ပါ သဘောတူညီချက်တွေကို မျက်မှောက်ခေတ်ကာလရဲ့ လိုအပ်ချက်တွေနဲ့ အခိုင်အမာ ပေါင်းစပ်ပြီး လက်တွေ့အကောင်အထည်ဖော်ကြရမှာက မျိုးဆက်သစ်တွေရဲ့ ပခုံးပေါ်က တာဝန်ပဲဖြစ်ပါတယ်။

"လုံးဝလွတ်လပ်ရေးကို တပြိုင်နက်အတူ ယူကြမယ်။ တန်းတူပြီး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိတဲ့ ပြည်ထောင်စုအဖြစ် အတူတကွ တည်ဆောက်ကြမယ်" ဆိုတဲ့ ပင်လုံစာချုပ်ရဲ့ သမိုင်းအနှစ်သာရအချက် ၂ချက်ကို မျက် မှောက်ခေတ်ကာလ လိုအပ်ချက်တွေနဲ့ ဘယ်လိုပေါင်းစပ်ကြမလဲ။ လုံးဝ လွတ်လပ်ရေးကို တပြိုင်နက်အတူရယူနိုင်ခဲ့ ကြပေမယ့် ဖြတ်သန်းလာတဲ့ (၇၅)နှစ်တာ လက်တွေ့ထဲမှာ အထင်အရှားမြင်တွေ့နေရတဲ့အချက်ကတော့ "တန်းတူပြီး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိတဲ့ ပြည်ထောင်စု (လုံးဝ) မတည်ဆောက်နိုင်ခဲ့တဲ့အချက်" ပါပဲ။

ဒီလို မတည်ဆောက်နိုင်ခဲ့တဲ့ အကြောင်းအချက်က ၂ခုပါပဲ။ ပထမအချက်က အဆက်ဆက်သော အုပ်စိုးသူများရဲ့ မှားယွင်းဖောက်ပြန်တဲ့ ပေါ်လစီအရပ်ရပ်နဲ့ လှည့်စားလိမ်ညာမှုတွေဖြစ်ပြီး၊ ဒုတိယအချက်ကတော့ အဆက် ဆက်သော အုပ်စိုးသူများကို တော်လှန်ရေးအင်အားစုများဘက်က တညီတညွတ်တည်း ဖြုတ်မချနိုင်သေးတဲ့အချက် ကြောင့်ပါပဲ။

ဒါကြောင့် မျက်မှောက်ခေတ်သမိုင်းက အခိုင်အမာ ဖော်ပြတောင်းဆိုနေတဲ့အချက်က စစ်အုပ်စု၊ စစ်အာဏာရှင်စနစ်၊ စစ်ပြုရိုကရေစီယန္တရားကို အကုန်အစင် ဖြိုချပစ်ဖို့နဲ့ "တန်းတူပြီး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိတဲ့ ပြည် ထောင်စုကို အခိုင်အမာ တည်ဆောက်ကြဖို့ပါပဲ။ စစ်အုပ်စု၊ စစ်အာဏာရှင်စနစ်၊ စစ်ပြုရိုကရေစီယန္တရားကို အကုန်အ စင် ဖယ်ရှားမပစ်နိုင်ဘဲ စစ်အုပ်စုက စိတ်ကြိုက်အကွက်ချပြီး ခင်းထားတဲ့ ၂၀၀၈ အခြေခံဥပဒေဘောင်နဲ့ (NCA)စာချုပ် ခွင်ထဲကနေ ပြည်တွင်းစစ်ကိုရပ်စဲဖို့ – ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ဖို့ – ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက် ဖို့ ကိုယ်တိုင် လက်တွေ့လုပ်ကြည့်ခဲ့ကြပြီးပါပြီ။ ခါးသီးတဲ့ ကိုယ်ပိုင်အတွေ့အကြုံနဲ့ သင်ခန်းစာတွေ ရရှိခဲ့ကြပြီးပြီ မဟုတ်ပါလား။ မင်းအောင်လှိုင် – စိုးဝင်း အကြမ်းဖက် (စကစ) စစ်အုပ်စုကတော့ နောက်ထပ်တစ်ခါ လိမ်ညာလှည့်စား ဖို့ လေသံပစ်နေပြန်ပြီ မဟုတ်ပါလား။

အခြေခံအားဖြင့် စစ်အုပ်စု၊ စစ်အာဏာရှင်စနစ်၊ စစ်ပြုရိုကရေစီယန္တရားကို အကုန်အစင် ဖယ်ရှားပစ်နိုင်ခဲ့ကြပြီဆိုရင် ကျနော်တို့ တော်လှန်ရေးအင်အားစု အချင်းချင်းအကြားမှာ နိုင်ငံရေးအရ အကျေအလည်ညှိနှိုင်းဖို့ အခက်အခဲ မရှိနိုင်တော့ပါဘူး။ အဲဒီလို တန်းတူရည်တူ အကျေအလည် ညှိနှိုင်းမှုသာ အခိုင်အမာရရှိလာပြီဆိုရင် အခြေခံဥပဒေရေး တာ မခက်မခဲပါဘူး။ ကျွမ်းကျင်တဲ့ ဥပဒေပညာရှင်တွေရဲ့လက်ထဲ အဲဒီနိုင်ငံရေးသဘောတူညီချက်တွေကို ပေးအပ် လိုက်ပါ။ အဲဒီသဘောတူညီချက်နဲ့ ဆီလျော်ညီညွတ်တဲ့ အခြေခံဥပဒေတစ်ရပ်ကို အချိန်ကာလတို (၆လ သို့မဟုတ် ၁နှစ်) အတွင်းမှာ ရရှိနိုင်ပါတယ်။ ဥပဒေကို ဥပဒေပညာရှင်တွေကပဲ ရေးပါစေ။ နိုင်ငံရေးသမားတွေက မိမိတို့ပေးအပ် လိုက်တဲ့ နိုင်ငံရေးသဘောထားတွေ သဘောတူညီချက်တွေနဲ့ ကိုက်ညီ/ မကိုက်ညီကိုသာ အပြန်အလှန် အသေအချာ စိစစ်ကြည့်ကြဖို့ပါပဲ။

ရေးဆွဲလိုက်တဲ့ အခြေခံဥပဒေဟာ တိုင်းပြည်နဲ့ အဖိနှိပ်ခံ လူမျိုးပေါင်းစုံ ပြည်သူလူထုရဲ့ ရေရှည် ညီညွတ်ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေး၊ ခေတ်မီတိုးတက်ဖွံ့ဖြိုးရေးဆိုတဲ့ ပင်မရှေ့ရှုချက်ကို တည့်မတ်ဖြောင့်တန်းစွာ ဦးတည်နိုင်ကြ ဖို့ပါပဲ။
ယခု လောလောဆယ်လုပ်ရမယ့် ပထမဦးစားပေး တာဝန်ကတော့ စစ်အုပ်စု၊ စစ်အာဏာရှင်စနစ်၊ စစ်ပြုရိုကရေစီယန္တရားကို အကုန်အစင် တွန်းလှန်ဖယ်ရှားပစ်ဖို့ပါပဲ။

နိဂုံးချုပ်ရရင် ပင်လုံစာချုပ်မှ မဟုတ်ပါဘူး။ သမိုင်းဖြစ်ရပ်တွေကို အချက်အလက် ရှုထောင့်၊ ဖြတ်သန်းလာတဲ့ သမိုင်းလမ်းကြောင်းရှုထောင့်၊ မျက်မှောက်ခေတ် ကာလရှုထောင့် ဆိုတဲ့ ဘက်သုံးဖက်ကနေ အပြန်အလှန် ပေါင်းစပ် လေ့လာကြည့်မြင်ဖို့ လိုအပ်ပါတယ်။ ဒီလိုမှမဟုတ်ဘဲ အမျိုးမျိုးသောဆန္ဒစွဲတွေနဲ့ လိုရာဆွဲပြီး ခုတ်ထစ်ပိုင်းခြား ကြည့် နေမယ်ဆိုရင်တော့ တစ်စိတ်တစ်ပိုင်းမှန်တာတွေပဲ ရရှိနေပါလိမ့်မယ်။ ဒ့ါအပြင်

လွန်ခဲ့သော (၇၅)နှစ်က အတိတ် သမိုင်းဖြစ်ရပ်တစ်ခုကို ယနေ့ ပစ္စုပ္ပန်မျက်စေ့နဲ့ တစ်ဖက်သတ်ကြည့်ပြီး စွဲချက်တင် စီရင်ချက်ချနေတာမျိုးကလည်း ဘယ်လိုမှ အဓိပ္ပာယ် မရှိနိုင်ပါဘူး။

https://kicnews.org/2022/02/ရှုထောင့်-၃ခုနှင့်-၇၅နှ/

---------------------------------------------------------------------------------------------

## ကော့ကရိတ်ရှိ စစ်ကောင်စီတပ် လက်နက်ကြီးပစ်ခတ်မှုကြောင့် ဒေသခံသေဆုံးထိခိုက်ဒဏ်ရာရ

**ဖေဖော်ဝါရီ ၁၈ ရက်၊ ၂၀၂၂ခုနှစ်။ ကေအိုင်စီ**



Photo: CJ

ကော့ကရိတ်မြို့တောင်ဘက် ကမိုင်ကုန်းကျေးရွာအတွင်း ယနေ့ ဖေဖော်ဝါရီလ ၁၈ ရက်နေ့နံနက်တွင် ကော့က ရိတ်မြို့ စစ်ကောင်စီ တပ်ရင်း ခလရ ၉၇ နေပူခံ လက်နက်ကြီးပစ်ကုန်းမှ စစ်လိုက်သော လက်နက်ကြီးကြောင့် ဒေသခံအမျိုးသမီးတစ်ဦးသေဆုံးကာ အမျိုးသားတစ်ဦးထိခိုက်ဒဏ်ရာ အပြင်းအထန်ရရှိသွားကြောင်း ကျေးရွာသားများ၏ ပြောစကားအရ သိရသည်။

နယ်မြေကျော်လွန်ဝင်ရောက်လာသည့် စစ်ကောင်စီ တပ်စစ်ကြောင်း နှင့် ကရင်အမျိုးသားလွတ်မြောက် ရေးတပ်မတော် -KNLA တပ်မဟာ ၆ လက်အောက်ခံ တပ်ရင်း၂၇ ပူးပေါင်းတပ်များအကြား ယမန်နေ့ ဖေဖော်ဝါရီ ၁၇ ရက်၊ ည ၇ နာရီကျော်အချိန်ခန့်မှ ည ၉ နာရီကျော်အချိန်အထိ တိုက်ပွဲဖြစ်ပွားရာတွင် ကော့ကရိတ် မြို့ စစ်ကောင်စီတပ်ရင်း ခလရ ၉၇ နေပူခံ လက်နက်ကြီးပစ်ကုန်းမှ လက်နက်ကြီး မော်တာစိန်ပြောင်းဖြင့် အချက် ၃၀ နီးပါး ရမ်းသမ်းပစ်ခတ်သည့်အတွက် ကမိုင်ကုန်းကျေးရွာအတွင်း ဒေသခံနေအိမ်များ ထိခိုက်ပျက်စီးမှုရှိခဲ့ သည်။

ထို့အပြင် ယနေ့ ဖေဖော်ဝါရီလ ၁၈ နံနက်ပိုင်းတွင်လည်း ၎င်း ခလရ -၉၇ နေပူခံ လက်နက်ကြီးပစ်ကုန်းမှ ဆက်လက်ပစ်ခတ်မှုလုပ်ဆောင်သောကြောင့် ဒေသခံများစစ်ဘေးရှောင်ရှားရန် ပြင်ဆင်နေကြစဉ် နေအိမ်ခြံ ဝင်းအတွင်း လက်နက်ကြီးကျရောက် ပေါက်ကွဲသဖြင့် ကမိုင်ကုန်းရွာသား စောကျော်ဖော့ ပြင်းထန်ဒဏ်ရာရရှိပြီး ၎င်း၏ဇနီးဖြစ်သူ နော်ဖုတင် (၄၈)နှစ်သေဆုံးခဲ့ကြောင်း ဒေသခံ ကျေးရွာသားများက ကေအိုင်စီသို့ ပြောသည်။



Photo: CJ

"ကျနော်တို့ရွာသားတွေ ရှေ့လကတည်းက တိုက်ပွဲတွေကြောင့် သုံးဆက်သုံးဆူရွာဘက် စစ်ဘေးရှောင်နေကြတာ ၊ အခုရက်ပိုင်းထဲ အခြေအနေအေးပြီဆိုပြီး ရွာပြန်လာကြတာ အိမ်တွေအကုန်လုံးပစ္စည်းတွေ ယူသွားပြီး စစ်တပ် ကဖျက်ဆီး ထားတာတွေ ပြင်ဆင်ရှင်းလင်းနေတုန်း မနေ့ညပိုင်းအလုံးကြီးတွေ ရွာထဲတော်တော်ပစ်တယ်၊ ညက တိုက်ပွဲ ဖြစ်နေတယ်၊ ဒီမနက်လည်း ထပ်ပစ်တယ်။ မနက်စနာရီကျော်မှာ ကော့ကရိတ် ၉၇ ဘက်က အလုံးကြီး ပစ်ထုတ်ရာမှာ စစ်ဘေးရှောင်ဖို့ ပြင်ဆင်နေတဲ့ နော်ဖုတင်တို့ ခြံဝင်းထဲ အလုံးကြီးကျပြီး ဆုံးသွားတယ်၊ သူ့ယောကျ်ားကတော့ ဒဏ်ရာရတယ်" ဟု ကမိုင်ကုန်း စစ်ဘေးရှောင်ရွာသားတစ်ဦးက ပြောသည်။

ကော့ကရိတ် ဒေသအတွင်း ဖေဖော်ဝါရီလ ၁၄ ရက်မှစတင်၍ စစ်ကောင်စီတပ်မှ နယ်ခြားစောင့်တပ် -BGF တပ်ဖွဲ့များပါဝင်သော စစ်ကြောင်းဖြင့် ပူးပေါင်းကာ KNU တပ်မဟာ ၆ နယ်မြေအတွင်း နယ်ကျော်ဝင်ရောက် အင်အားတိုးရန် လုပ်ဆောင်လာမှုကြောင့် အံဖကြီး၊ ရေကျော်ကြီး၊ ကမိုင်ကုန်းကျေးရွာများဘက်တွင် နေ့စဉ် ရက်မခြား တိုက်ပွဲများ ပြန်လည် ဖြစ်ပွားလျက်ရှိသည်ဟု ဒေသတွင်း သတင်းအရင်းအမြစ်များအရ သိရသည်။

ယခင်ဇန်နဝါရီလအတွင်း တိုက်ပွဲများကြောင့် စစ်ဘေးရှောင်သူများ နေရပ်ပြန်အခြေချနေထိုင်ပြန်လာနေထိုင်စဉ် ယခုလို တစ်ကျော့ပြန် တိုက်ပွဲများ ပြန်လည်ဖြစ်ပွားသည့်အတွက် အံဖကြီး၊ ကမိုင်ကုန်းရွာသား လူတစ်ထောင် ကျော် ထပ်မံစစ်ဘေးရှောင်ကြရသလို လေကြောင်းမှ လာရောက်ပစ်ခတ်တိုက်ခိုက်မှုများရှိလာနိုင်သည့်အတွက် အနီးအနားကျေးရွာ ဒေသခံများပါ တိုက်ပွဲများပြန်လည်ကူးစက်ဖြစ်ပွားလာမည်ကို စိုးရိမ်နေကြကြောင်း စစ်ဘေးရှောင်များက ပြောသည်။

https://kicnews.org/2022/02/ကော့ကရိတ်ရှိ-စစ်ကောင်စီ/

------------------------------------------------------------------------------------------

## မိုးမောက်မြို့နယ်၌ ကေအိုင်အေနှင့် စစ်ကောင်စီတပ် တိုက်ပွဲဖြစ်၊ ပြည်သူများ စစ်ဘေးရှောင်

Published By DVB | 18 February, 2022



ကချင်ပြည်နယ် မိုးမောက်မြို့နယ်မှာ ဖေဖော်ဝါရီ ၁၇ ရက်နေ့ မွန်းတည့် ၁၂ နာရီ ဝန်းကျင်လောက်မှာ ကချင်လွတ်မြောက်ရေးတပ်မတော် (ကေအိုင်အေ) တပ်သားတွေနဲ့ စစ်ကောင်စီတပ်တွေ တိုက်ပွဲဖြစ်ပွားတာကြောင့် ရပ်ကွက်တချို့က ပြည်သူတွေ ရွှေ့ပြောင်းနေထိုင် နေရပါတယ်။

ရွှေ့ပြောင်းနေထိုင်နေရတဲ့ ရပ်ကွက်တွေက မိုးမောက်မြို့ ခါနန်ရပ်ကွက် အထက်ပိုင်းနဲ့ ဝဝမ်ကွမ်ဘန်ရွာက ပြည်သူတွေဖြစ်တယ်လို့ ဒေသခံတွေထံက သိရပါတယ်။

“နေ့လယ်လောက် စစ်တပ်(စကစ) တက်လာတယ်။ ခါနန်ရွာထိပ်ဘက်ရောက်တော့ သေနတ်တွေပစ်တယ်။ အကြီးကော အသေးကော အသံစုံနေတာပဲ။ ကြောက်လွန်းလို့ ခေါင်းတောင် မဖော်နိုင်ဘူး။ ဝဝမ်ရွာက တစ်ရွာလုံးနီးပါရှောင်ကုန်ပြီး ခါနန်က လူတွေကော ရှောင်နေကြတယ်” လို့ ဒေသခံ ပြည်သူတစ်ဦးက ပြောပါတယ်။

တိမ်းရှောင်နေရတဲ့ ပြည်သူတွေဟာ မိုးမောက်မြို့ မြို့ပေါ်ရပ်ကွက်က အသိဆွေမျိုးတွေနဲ့ ဘုရားကျောင်းတွေမှာ ခိုလှုံနေကြတယ်လို့ သိရပါတယ်။

စစ်ကောင်စီတပ်သားတွေက ကချင်လွတ်မြောက်ရေးတပ်မတော် (ကေအိုင်အေ) တပ်သားတွေ ရောက်ရှိနေတဲ့ မိုးမောက်မြို့အထက်ပိုင်းကို အင်အားအများအပြားနဲ့ စစ်ကြောင်းထိုး တက်လာတာကြောင့် တိုက်ပွဲဖြစ်ပွားတာလို့ သိရပါတယ်။

“ပထမပစ်တာက သူတို့ (စကစ) ကေအိုင်အေ နဲ့တွေ့ပြီး ဖြစ်တာလည်း မဟုတ်ဘူး။ လူနေရပ်ကွက်ပဲရှိသေးတယ် ရမ်းပစ်တာပေါ့၊ ရမ်းပစ်ပြီး တက်သွားတာ။ လူမရှိတဲ့နေရာ ရောက်တော့ ကေအိုင်အေက စောင့်ပြီးတိုက်တာထင်တယ်၊ မိနစ်နှစ်ဆယ်လောက်ပစ်ကြတာ” လို့ ဒေသခံတစ်ဦးက ပြောပါတယ်။

စစ်ကောင်စီတပ်သားတွေက ရမ်းသန်း ပစ်ခတ်တာကြောင့် ပြည်သူတစ်ဦး ဦးခေါင်းထိမှန်ဒဏ်ရာပြင်းထန်သလို ပြည်သူတွေရဲ့ နေအိမ်တွေ ပျက်စီးထိခိုက်တာတွေရှိတယ်လို့ သိရပါတယ်။

ဒီနောက် စစ်ကောင်စီတပ်သားတစ်ချို့က နောက်ပြန်လှည့်ဆုတ်သွားပေမဲ့ အများစုက မြို့အထွက် ပတ်ဝန်းကျင်တွေမှာ ရှိနေသေးတာကြောင့် အချိန်မရွေးတိုက်ပွဲဖြစ်လာနိုင်တဲ့ အခြေအနေရှိတယ်လို့ ဒေသခံတွေကပြောပါတယ်။

မိုးမောက်မြို့မှာ လွန်ခဲ့တဲ့ လပိုင်းကလည်း စစ်ကောင်စီတပ်သားတွေက ကေအိုင်အေတပ်ရှိတဲ့ မိုးမောက်မြို့ အထက်ပိုင်းကို စစ်ကြောင်းထိုးဖို့ လမ်းသွားလမ်းလာ ပြည်သူ ၂၀ ကျော်ကို စစ်ကြောင်းရှေ့ဒိုင်းကာအဖြစ်ခေါ်ဆောင်သွားတယ်လို့ ဒေသခံတွေက ပြောပါတယ်။

http://burmese.dvb.no/archives/517614

-------------------------------------------------------------------------------------------

## မိုးမောက် ခါနန်ရွာတိုက်ပွဲ လူ ၂၀၀ ခန့် ထွက်ပြေးနေရ

2022.02.18



ကချင်ပြည်နယ် မိုးမောက်မြို့နယ်က စစ်ဘေးဒုက္ခသည်များကို ၂၀၂၀ မေလက တွေ့ရစဉ် Photo: KBC

ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်၊ ခါနန်ရွာမှာ ကချင်လွတ်မြောက်ရေး တပ်မတော် KIA နဲ့ စစ်ကောင်စီတပ်တွေအကြား ဖေဖော်ဝါရီ ၁၇ ရက် မနေ့က တိုက်ပွဲဖြစ်ခဲ့တာကြောင့် ခါနန်ဒုက္ခသည်စခန်းမှာ ခိုလှုံနေသူတွေ အပါအဝင် အရပ်သားပြည်သူ ၂၀၀ ခန့် ဘေးလွတ်ရာကို ထွက်ပြေးတိမ်းရှောင် နေရတယ်လို့ ဒေသခံတွေက ပြောပါတယ်။

မနေ့က နေ့လယ် ၁၂ နာရီလောက်မှာ ခါနန်ရွာ စစ်ဘေးဒုက္ခသည်စခန်း အနီးကို စစ်တပ်ဘက်က စစ်ကြောင်းထိုး လာတဲ့အတွက် KIA တပ်တွေနဲ့ တိုက်ပွဲ ဖြစ်ခဲ့တာလို့ ဒေသခံတွေက ပြောပါတယ်။

ခါနန်ဒုက္ခသည်စခန်းက ကလေးသူငယ်နဲ့ သက်ကြီးရွယ်အိုတွေ အပါအဝင် လူ ၃၀ လောက်ကိုပဲ မိုးမောက် မြို့ပေါ် က နှစ်ခြင်းခရစ်ယာန် ဒုက္ခသည်စခန်းဆီ အရေးပေါ် ပြောင်းရွှေ့လိုက်ရတယ်လို့ ဒေသခံတစ်ဦးက ပြောပါတယ်။

**"အခု ခါနန်စစ်ဘေးဒုက္ခသည် စခန်းက ကလေးတွေနဲ့ အသက်ကြီးပိုင်းတွေ အယောက် ၃၀ လောက်ကိုတော့ မိုးမောက် နှစ်ခြင်းစစ်ရှောင်စခန်းကို ရွှေ့ထားတယ်။ လူလတ်ပိုင်းတွေ ကတော့ ကျန်သေးတယ်။ ရွာက လူတွေလည်း ထွက်ပြေးကြတယ်"**

မိုးမောက်မြို့နယ် ခါနန်ကျေးရွာဟာ ကေအိုင်အေ တပ်စွဲထားတဲ့ နေရာဖြစ်ပြီး အဲဒီနေရာကို စစ်တပ်ဘက်က စစ်ကြောင်းထိုးလာတဲ့အတွက် ဒီကနေ့ထိ နှစ်ဖက်အခြေအနေ တင်းမာ နေတယ်လို့ ဒေသခံတွေနဲ့ စစ်ဘေးဒုက္ခသည်တွေက ပြောပါတယ်။

မနေ့ကတိုက်ပွဲမှာ စစ်တပ်ဘက်က လက်နက်ကြီးနဲ့ပစ်ခတ်ခဲ့တဲ့အတွက် ခါနန်ရွာ အနီးမှာ ရှိတဲ့ ဝဝမ်ကျေးရွာက နေအိမ် သုံးလုံးလည်း ထိခိုက်ပျက်စီး ခဲ့တယ်လို့ ဒေသခံတွေက ပြောပါတယ်။

ဒီကိစ္စတွေနဲ့ ပတ်သက်ပြီး အသေးစိတ် ထပ်မံသိရှိနိုင်ဖို့အတွက် စစ်ကောင်စီ ပြောခွင့်ရ ပြန်ကြားရေး ဒု-ဝန်ကြီး ဗိုလ်ချုပ် ဇော်မင်းထွန်းကို RFA က ကြိုးစားဆက်သွယ်နေဆဲ ဖြစ်ပါတယ်။

စစ်အာဏာ သိမ်းပြီးတဲ့နောက် လအနည်းငယ်အကြာ ပြီးခဲ့တဲ့ နှစ်လယ်ပိုင်း လောက်က မိုးမောက်မြို့နယ်ထဲက ကျေးရွာအတော်များများမှာ စစ်ကောင်စီ တပ်တွေနဲ့ ကေအိုင်အေ တပ်တွေအကြား တိုက်ပွဲတွေ ပြင်းထန်ခဲ့တာကြောင့် ဝဝမ်၊ နောင်ချို၊ ၁၇ မိုင်၊ ၁၉ မိုင် အစရှိတဲ့ ကျေးရွာတွေက ဒုက္ခသည် ၂၀၀ ခန့် ခါနန်ကျေးရွာမှာ လာရောက်ခိုလှုံနေတာလို့ ဒေသခံတွေနဲ့ ကူညီကယ်ဆယ်ရေး အဖွဲ့တွေက ပြောပါတယ်။

https://www.rfa.org/burmese/news/moe-mauk-refugees-02182022032146.html

----------------------------------------------------------------------------------------------------

## ဟိုပုံးမြို့နယ် RCSS/SSA နှင့် မြောက်ပိုင်းမဟာမိတ်တိုက်ပွဲ စစ်ရှောင်များ ထပ်မံတိုးလာ

By SHAN - February 18, 2022

သျှမ်းပြည်တောင်ပိုင်း ဟိုပုံးမြို့နယ်အတွင်း RCSS/SSA နှင့် မြောက်ပိုင်းမဟာမိတ်တို့တိုက်ပွဲ ထပ်မံဖြစ်ပွားကာ စစ်ရှောင်များ ထပ်မံတိုးလာကြောင်း သတင်းသိရသည်။




ဟိုပုံးမြို့နယ် မိုင်းလင်းကျေးရွာအုပ်စုအတွင်း RCSS/SSA နှင့် မြောက်ပိုင်းမဟာမိတ်တပ်ဖွဲ့ တို့ သည် ယနေ့ (ဖေဖော်ဝါရီ ၁၈)ရက် မနက်ပိုင်း ၁၀နာရီဝန်းကျင်တွင် တကြိမ် နှင့် မွန်းလွဲပိုင်း ၂နာရီဝန်းကျင်တွင် တကြိမ် တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း ဒေသခံများက ပြောသည်။

"ဒီနေ့ တိုက်ပွဲနှစ်ကြိမ်ဖြစ်တယ်။ မနက်က ၁၀ နာရီဝန်းကျင်တိုက်ပွဲမှာ တစ်နာရီနီးပါးကြာခဲ့တယ်၊မွန်းလွဲ ပိုင်း ၁ နာရီဝန်းကျင်မှာ နာရီဝက်လောက်ပစ်ကြတယ်၊ လက်နက်ကြီးလက်နက်ငယ်တွေလည်း ကြားရလို့ တိုက်ပွဲ က ပြင်းထန်တယ်လို့ ယူဆပါတယ်၊ ရွာသားတွေလည်း ထွက်ပြေးကြပြီ" ဟု မိုင်းလင်းကျေးရွာအုပ်စုမှ ပြည်သူ တစ်ဦးက သျှမ်းသံတော်ဆင့်ကို ပြောသည်။

လက်ရှိတွင် တိုက်ပွဲဖြစ်ပွားသည့် ဟိုပုံးမြို့နယ် မိုင်းလင်းကျေးရွာအုပ်စုတွင်းမှ ပြည်သူများသည် ပင်လုံမြို့နယ် ဝမ်းယိမ်းဘုန်းကြီးကျောင်းသို့ ထွက်ပြေးခိုလှုံ နေရကြောင်း၊ ဝမ်ယိင်းမှပြည်သူများလည်းတိုက်ပွဲကြိုတင်ရှောင်ရှားသည့်အနေဖြင့် ပင်လုံမြို့ပေါ်ရှိ ဆွေမျိုးအိမ်များသို့ သွားရောက်ခိုလှုံနေကြောင်း ပင်လုံရောက် စစ်ရှောင် အမျိုးသမီး တစ်ဦးက သျှမ်းသံတော်ဆင့်ကို ပြောသည်။

"ကျမတို့က မိုင်းလင်းကနေ စစ်ရှောင်လာတာပါ၊ မနက်ပိုင်း ပစ်ခတ်သံတွေကြားရတယ်။ ကျမတို့ထွက်ပြေးလာတာ အသက်ကြီးပိုင်းတွေ အများစုပါလာကြတယ်၊ တချို့က ဘာပစ္စည်းမှ မယူဘဲ စစ်ရှောင်လာရတယ်" ဟု စစ်ရှောင်အမျိုးသမီးတစ်ဦးက သျှမ်းသံတော်ဆင့်ကိုပြောသည်။

ထို့အပြင် တိုက်ပွဲဖြစ်ပွားမှုကြောင့် မိုင်းကိုင်မြို့နယ် နောင်မွန်ကျေးရွာမှ ဒေသခံပြည်သူများကလည်း မိုင်းကိုင်မြို့ပေါ်သို့ စစ်ဘေးရှောင် ရောက်ရှိလာကြောင်း မိုင်းကိုင်မြို့မှ ဒေသခံတစ်ဦးက သျှမ်းသံတော်ဆင့်ကို ပြောသည်။

"ဒီနေ့ တိုက်ပွဲဖြစ်သွားတဲ့ နေရာက မြို့နယ် ၃ ခုရဲ့ နယ်နမိတ်လိုနေရာမျိုးမှာပေါ့၊ ဖြစ်တာက ဟိုပုံးမြို့နယ်ထဲ ဒါပေမဲ့ စစ်ရှောင်တာက ဟိုပုံးက မိုင်းလင်းရော၊ ဝမ်ယိမ်းရော၊ ပြီးတော့ သူတို့နဲ့ ရွာချင်းနီးစပ်နေတဲ့ မိုင်းကိုင်မြို့နယ်ထဲက နောင်မွန်ကျေးရွာက ပြည်သူတွေကလည်း မြို့ပေါ်ကိုစစ်ရှောင်ရောက်လာတယ်" ဟု မိုင်းကိုင်မြို့မှ ပြည်သူတစ်ဦးက သျှမ်းသံတော်ဆင့်ကို ပြောသည်။

ယမန်နေ့ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင်လည်း ဟိုပုံးမြို့နယ်အတွင်းသို့ ရောက်ရှိလာသည့် SSPP/SSA တပ်သား ပုံရိပ်များ လူမှုကွန်ယက်စာမျက်နှာသို့ ပျံ့နှံ့လာသည်။

https://burmese.shannews.org/archives/27042

---------------------------------------------------------------------------------------------

## ကျောက်မဲစစ်ဘေးရှောင် ၅၀၀ ကျော် တောင်ကြီးမြို့ပေါ်သို့ သွားရောက် ခိုလှုံ

Published By DVB | 18 February, 2022

ရှမ်းပြည်မြောက်ပိုင်း၊ ကျောက်မဲမြို့နယ်ထဲမှာ မနစ်က တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ချင်း ဖြစ်ပွါးတဲ့ တိုက်ပွဲတွေကြောင့် စစ်ဘေးရှောင်လာရတဲ့ ရွာသားတွေတချို့က ဖေဖော်ဝါရီ ၁၆ ရက်နဲ့ ၁၇ ရက်တွေမှာ တောင်ကြီးမြို့ပေါ်ကို ထပ်မံရောက်ရှိလာပါတယ်။

ဖေဖော်ဝါရီ ၁၆ ရက်နေ့က ၃၅၈ ဦး ၊ ၁၇ ရက်နေ့မှာ ၁၇၉ ဦး စုစုပေါင်း ၅၂၈ ဦး တောင်ကြီးမြို့ကို ရောက်လာတာဖြစ်ပြီး ဆရာတော်သံဃာတော်တွေက တောင်ကြီးဝေဠုဝန်ကျောင်းတိုက်နဲ့ ကမ္ဘဋ္ဌာန်းကျောင်းတိုက်တွေမှာ ခိုလှုံခွင့်ပြုထားပါတယ်။

ပြီးခဲ့တဲ့နှစ်ကတိုက်ပွဲတွေကြောင့် ထွက်ပြေးလာတဲ့ စစ်ဘေးရှောင်တွေဟာ မူရင်း ရွာပြန်နေကြပေမယ့် တချို့က မပြန်ရဲသေးဘဲ စစ်ဘေးရှောင်စခန်းမှာကျန်နေသလို တချို့က ဆွေမျိုး အသိတွေဆီ ပြောင်းရွှေ့ခိုလှုံနေကြပါတယ်။

အဲဒီထဲက ဟူးဆွန်ကျေးရွာအုပ်စု ဟူးဆွန်၊ ပုန်းလုံ ၊ ကျိန်ကိုင် ၊ နိမ်းဆိုင်းစတဲ့ကျေးရွာက အိမ်ထောင်စု ၂၀၀ ကျော် ၊ လူဦးရေ ၅၀၀ ကျော်ဟာ ရှမ်းပြည်တောင်ပိုင်း ရပ်စောက်မြို့နယ် နောင်လုံကျေးရွာကို ပြောင်းလာပြီးရပ်စောက်ဘက်မှာလည်း တိုက်ပွဲဖြစ်တာကြောင့် ဟိုပုံးမြို့ နယ်ဘက် ကျည်တော်ရွာဘက် ပြောင်းသွားကြောင်း ၊ ဟိုပုံးမှာလည်း တပ်ပေါင်းစုတွေ ရောက်လာတာကြောင့် တောင်ကြီးမြို့ပေါ်ကို ထပ်ရှောင်လာရတာလို့ စစ်ဘေးရှောင်သွားရောက်ကူ ညီခဲ့သူတစ်ဦးက ဒီဗွီဘီကို ပြောပါတယ်။

"အစကကျောက်မဲစာပေယဉ်ကျေးမှုရုံးမှာ လာခို လှုံတယ်၊ အဲဒီမှာ လူကများနေရာကျပ်တည်းပြီး ကိုဗစ်ရောဂါလည်းကူးမှာစိုးလို့ တခြားနေရာကို တနေရာစီ ထပ်ခွဲသွားကြတယ်၊ ရွာထဲမှာတော့လက်နက်ကိုင်တွေရှိနေလို့ တိုက်ပွဲထပ်ဖြစ်မှာစိုးပြီး မပြန်ရဲဘူးပေါ့ ၊ သူတို့အသုတ်က အိမ်ထောင်စု ၂၀၀ ကျော်၊ ရပ်စောက်ဘက်မှာ ခိုလှုံခွင့်ပေးမယ့် စေတနာရှင်ပေါ်လာတာကြောင့် အဲဒီမှာတဲထိုးပြီးနေတာ တလကျော်ကြာတော့ ကျောက်ဂူမှာတိုက်ပွဲ ဖြစ်တယ်၊ သူတို့နေတဲ့နောင်လုံရွာနဲ့ နီးနီးလေး၊ အဲဒါနဲ့ မနေရဲဘူးဆိုပြီး အသိရှိတဲ့ ဟိုပုံးမြို့နယ် ကျည်တော်ရွာကို ပြောင်းတယ်၊ ကျည်တော်မှာ ၉ ရက်နေပြီး အဲဒီနေရာနဲ့နီးတဲ့ မိုင်းပျဉ်းရွာမှာ တပ်ပေါင်းစုတွေရောက်လာတယ် ၊ သူတို့က သေနတ်သံကြားရင်ကို ထိတ်လန့်နေတဲ့ စိတ်ဒဏ်ရာ ရနေကြတာဆိုတော့ အဲဒီမှာ မလုံခြုံသလိုခံစားရတော့ တောင်ကြီးမြို့ပေါ် ထပ်ရှောင်လာတာပါ။"

စစ်ဘေးရှောင်တွေဟာ ရေရှည်အတွက် ဘယ်မှာဘယ်လိုနေမလဲ မစဉ်းစားနိုင်သေးဘဲ လောလောဆယ် တနေ့တာ စားဝတ်နေရေး လုံခြုံရေးအတွက်သာဖြတ်သန်းနေကြောင်း ၊ တောင်ကြီးမှာခိုလှုံနေချိန် ဘုန်းကြီးကျောင်းက ကျွေးမွေးထားပေမဲ့ အချင်းချင်းပြန်ထောက်ပံ့နိုင်ဖို့ အလုပ်လုပ်နိုင်သူတွေက ရရာအလုပ်လည်း လုပ်ချင်နေကြတယ်လို့ ဆိုပါတယ်။

တောင်ကြီးရောက် ကျောက်မဲစစ်ဘေးရှောင်ထဲမှာ သက်ကြီးရွယ်အိုတွေ၊ ကိုယ်ဝန်ဆောင်တွေ၊ ကလေးငယ်တွေ၊ လေဖြတ်နေတဲ့ရောဂါသည်တွေပါ ပါဝင်ကြောင်း၊ ရပ်နီးရပ်ဝေး စေတနာရှင်တွေအနေနဲ့ ဖုံးနံပါတ် ၀၉၅၂၁၄၇၇၀ / ၀၉၅၂၁၁၄၃၇/ ၀၉၅၂၁၄၄၉၈၁၀/ ၀၉၄၂၅၄၆၆၆၆၅ တွေကို ဆက်သွယ်ကူညီနိုင်ပါတယ်။

http://burmese.dvb.no/archives/517749

-----------------------------------------------------------------------------------------

# လက်နက်ကြီးကြောင့် နေရပ်ပြန်ဒုက္ခသည် သုံးဦးသေ၊ ငါးဦးဒဏ်ရာရ

2022.02.18



ဒဏ်ရာရတဲ့ ပန်နန်းရွာသားတွေကို ၂၀၂၂ ဖေဖော်ဝါရီ ၁၇ ရက်နေ့က ဆေးရုံကို ပို့ဆောင်နေစဉ် Photo: ရွှေဖီမြေ

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့နယ် လုံတကျေးရွာအနီးမှာ ဖေဖော်ဝါရီလ ၁၇ ရက် မနေ့ညနေ ၅ နာရီ အချိန်လောက်က နေရပ်ပြန်နေတဲ့ ပန်နန်းရွာက စစ်ဘေးဒုက္ခသည်တွေ အနီးကို လက်နက်ကြီးနှစ်လုံးကျရောက် ပေါက်ကွဲခဲ့တာကြောင့် သုံးဦးသေဆုံးခဲ့တယ်လို့ ကျေးရွာရပ်မိရပ်ဖ တစ်ဦးက ပြောပါတယ်။

သေဆုံးသူတွေထဲမှာ အသက်ငါးနှစ်အရွယ် ကလေးတစ်ဦး ပါဝင်ပြီး နောက်ထပ် အမျိုးသမီး လေးဦးနဲ့ အမျိုးသားတစ်ဦး၊ စုစုပေါင်း ငါးဦး ထိခိုက်ဒဏ်ရာ ရခဲ့တယ်လို့ အဲဒီကျေးရွာ ရပ်မိရပ်ဖကပြောပါတယ်။

**“မနေ့က မိုင်ယော်ဈေးနေ့လေ။ ဒါနဲ့သူတို့က သေနတ်သံလည်း မကြားရတော့ဘူး ပြန်ကြမယ်ဆိုပြီး ရွာကိုအုပ်စု လိုက်ပြန်ကြတဲ့အချိန် ဘယ်အဖွဲ့က ပစ်လိုက်တာလဲတော့ မသိဘူး လက်နက်ကြီး နှစ်လုံးလာကျတာ။ လုံတရွာ အကျော်လေးမှာပဲ။ ကလေးတစ်ယောက်လည်း သေသွားတယ်”**

လက်နက်ကြီးကြောင့် အသက် ၃၀ ကျော်အရွယ် ဒေါ်အေးမြနဲ့ ဒေါ်အေးကျော်တို့ နှစ်ဦးက ပွဲချင်းပြီးသေဆုံးခဲ့ပြီး အသက်ငါးနှစ်အရွယ် လွေးအေးကျန်ကတော့ ဆေးရုံကို ပို့ဆောင်ချိန် သေဆုံးသွားခဲ့တာလို့ဆိုပါတယ်။

ဒဏ်ရာရသူ ငါးဦးကိုတော့ မနေ့ညမှာပဲ လားရှိုးပြည်သူ့ ဆေးရုံကနေ စစ်ဆေးရုံကို ပို့ဆောင်ပေးခဲ့တယ်လို့ ကျေးရွာ ရပ်မိရပ်ဖကပြောပါတယ်။

သေဆုံးဒဏ်ရာရခဲ့တဲ့ ပန်နန်းကျေးရွာသားတွေဟာ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလ ၁၃ ရက်နေ့က လားရှိုးမြို့နယ် ပန်သပြေကျေးရွာ အနီးမှာဖြစ်ပွားခဲ့တဲ့ စစ်ကောင်စီတပ်နဲ့ မြောက်ပိုင်း ညီနောင်သုံးဖွဲ့ တိုက်ပွဲကြောင့် မိုင်းယော် ကျေးရွာဈေးထဲမှာ ထွက်ပြေးခိုလှုံနေကြတာပါ။

ဒီပစ်ခတ်မှုဟာ ဘယ်အဖွဲ့ရဲ့ လက်ချက်ဆိုတာကိုတော့ အတည်ပြုနိုင်ခြင်း မရှိသေးပါဘူး။

မိုင်းယော်တိုက်နယ် အထက်ပိုင်းကျေးရွာတွေဟာ တအာင်း ပလောင်တိုင်းရင်းသားတွေ အများဆုံးနေထိုင်တဲ့ ကျေးရွာတွေဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးနဲ့ ဖုန်းလိုင်းခက်ခဲတဲ့ ကျေးရွာတွေဖြစ်ပါတယ်။

ဖေဖော်ဝါရီလ ၁၈ ရက်နေ့ ဒီနေ့အထိ မိုင်းယော်တိုင်နယ်အထက်ပိုင်း တောင်ပေါ်ကျေးရွာ တွေမှာ စစ်ကောင်စီတပ်နဲ့ မြောက်ပိုင်းညီနောင် သုံးဖွဲ့ဖြစ်တဲ့ ကိုးကန့်တပ်ဖွဲ့ MNDAA၊ ရက္ခိုင့်တပ်တော် AA နဲ့ တအာင်း အမျိုးသားလွတ်မြောက်ရေးတပ်မတော် TNLA တပ်ဖွဲ့ တွေကြား စစ်ရေး အခြေအနေ တင်းမာနေဆဲဖြစ်ပြီး တိုက်ပွဲတွေ ဆက်ဖြစ်မှာကို ဒေသခံတွေက စိုးရိမ်နေကြတယ်လို့ ကျေးရွာရပ်မိရပ်ဖက RFA ကိုပြောပါတယ်။

https://www.rfa.org/burmese/news/3-refugees-died-5-injured-02182022062836.html

---------------------------------------------------------------------------------------------

## မိုင်းယော်စစ်ရှောင်များ နေရပ်ပြန်ချိန် ရှော့တိုက်မိုင်းနင်းမိ ကလေး အပါအဝင် (၃)ဦး သေဆုံး၊ (၅)ဦး ဒဏ်ရာရ

By SHAN - February 18, 2022

သျှမ်းပြည်မြောက်ပိုင်း လားရှိုးမြို့နယ် မိုင်းယော်တိုက်နယ်အတွင်း စစ်ဘေးရှောင်များ နေရပ်သို့ ပြန်ချိန် ရှော့တိုက်မိုင်း နင်းမိပြီး အသက် (၅)နှစ်အရွယ် ကလေးတစ်ဦးအပါအဝင် သေဆုံးသူ (၃)ဦး၊ ဒဏ်ရာရရှိသူ (၅) ဦး ရှိခဲ့ကြောင်း စုံစမ်းသိရှိရသည်။



မိုင်းယော်စစ်ရှောင်များ နေရပ်ပြန်ချိန် ရှော့တိုက်မိုင်းနင်းမိ (Photo by CJ)

ယမန်နေ့ ဖေဖော်ဝါရီ (၁၇)ရက် နေ့လည်ပိုင်း မိုင်းယော်တိုက်နယ် ဝမ်လုံတတ်နှင့် ပန်နန်းကျေးရွာကြားတွင် ရှော့တိုက်မိုင်းနင်းမိပြီး (၂) ဦး ပွဲချင်းပြီးသေဆုံးကာ အသက် (၅)နှစ်အရွယ် အမျိုးသမီးငယ်တစ်ဦးက မိုင်းယော်ဆေးရုံရောက်မှ သေဆုံးသွားကြောင်း မိုင်းယော်ဒေသခံ တစ်ဦးက ပြောသည်။

“သူတို့ စစ်ရှောင်ပြီး အိမ်အပြန်မှာ ရှော့တိုက်မိုင်းမိတာ။ အားလုံး မိန်းကလေးတွေပဲ။ ယောကျာ်းလေး တစ်ယောက်ပဲပါတယ်” ဟု မိုင်းယော်ဒေသခံ အသက် ၄၀ ကျော် အမျိုးသားတစ်ဦးက ပြောသည်။



မိုင်းယော်စစ်ရှောင်များ နေရပ်ပြန်ချိန် ရှော့တိုက်မိုင်းနင်းမိ (Photo by CJ)

ထိခိုက်ဒဏ်ရာ ရရှိသူ (၅)ဦးသည် လားရှိုးဆေးရုံသို့ ဆေးကုသရန် ပို့ဆောင်ထားကြောင်း မိုင်းယော်ဒေသခံက ထပ်လောင်းပြောသည်။

“ဒဏ်ရာ ပြင်းထန်တဲ့သူ (၅)ယောက်ကိုတော့ လားရှိုးဆေးရုံကို ပို့ဆောင်ထားပြီ။ ခြေထောက်တွေ၊ ဝမ်းဗိုက်တွေမှာ ထိခိုက်ဒဏ်ရာ ရထားကြတယ်။ ဘယ်လက်နက်ကိုင်အဖွဲ့က ထောင်ထားတဲ့ ရှော့တိုက်မိုင်းလဲတော့ မသိဘူး” ဟု မိုင်းယော်ဒေသခံ အမျိုးသားက ဆိုသည်။



မိုင်းယော်စစ်ရှောင်များ နေရပ်ပြန်ချိန် ရှော့တိုက်မိုင်းနင်းမိ (Photo by CJ)

မိုင်းယော်တိုက်နယ်အတွင်း မြောက်ပိုင်းမဟာမိတ်နှင့် စစ်ကောင်စီ တို့ကြား တိုက်ပွဲတင်းမာမှုများရှိသောကြောင့် ပန်သပြေကျေးရွာအုပ်စုနှင့် လွယ်စက်တော်ကျေးရွာအုပ်စု တို့က ဒေသခံများ မိုင်းယော်ဈေးထဲသို့ ထွက်ပြေးတိမ်းရှောင်လာခဲ့ကြောင်း သိရသည်။

မိုင်းယော်တိုက်နယ်အတွင်း စစ်ကောင်စီလက်နက်ကိုင်အပါအဝင် တိုင်းရင်းသားလက်နက်ကိုင်များဖြစ်ကြသော ကချင်လွတ်မြောက်ရေးတပ်မတော် (KIA)၊ တအာင်း(ပလောင်) လွတ်မြောက်ရေးတပ်မတော် (TNLA)၊ ကိုးကန့်တပ်မတော် (MNDAA ) နှင့် သျှမ်းပြည်တိုးတက်ရေးပါတီ၊ သျှမ်းပြည်တပ်မတော် (SSPP/SSA) တို့ လှုပ်ရှားရာနယ်မြေများ ဖြစ်ကြသည်။

https://burmese.shannews.org/archives/27029

---